### သေဒဏ်ချမှတ်မှုအပေါ် တုံ့ပြန်ချက်တွေ

ဒဂုံတက္ကသိုလ်ကျောင်းသားများသမဂ္ဂအဖွဲ့ဝင်တယောက်က ဒီသေဒဏ်ချမှတ်မှုကို "မတရားမှု"လို့ပြောပြီး ဒီကိစ္စကို "နိုင်ငံတကာအသိုင်းအဝိုင်းအနေနဲ့ အာရုံစိုက်ကြဖို့" တိုက်တွန်းပါတယ်။

သေဒဏ်အမိန့်နဲ့ ပတ်သက်ပြီး မိသားစုဝင်တယောက်က "သူတို့ လက်ခုပ်ထဲကရေ ဆိုတော့ လုပ်ချင်တာလုပ်ကြမှာပါ။ သေဒဏ်လုံးဝ မစီရင်ပါစေနဲ့။ အယူခံဝင်လို့ ရပါ စေလို့ ဆုတောင်းရတော့မှာပါ" လို့ ဘီဘီစီကို ပြောပါတယ်။

ပြီးခဲ့တဲ့ ဇူလိုင်လကုန်ပိုင်းလောက်က မြန်မာ့ဒီမိုကရေစီရေး လှုပ်ရှားမှုမှာ ထင်ရှားတဲ့ ဦးဂျင်မီ နဲ့ ဦးဇေယျာသော်တို့ သေဒဏ်စီရင်ခံရသလို တပြိုင်နက်ထဲမှာပဲ လူသတ်မှုနဲ့ ဖမ်းဆီးထားတဲ့ ကိုအောင်သူရဇော်နဲ့ ကိုလှမျိုးအောင်တို့ကိုလည်း စစ်ကောင်စီက သေဒဏ် စီရင်ခဲ့လို့ မြန်မာနိုင်ငံတွင်းက နိုင်ငံရေး အသိုင်းအဝိုင်းက သာမက နိုင်ငံ တကာအသိုင်းအဝိုင်းကပါ ကန့်ကွက်ရှုတ်ချခဲ့ကြ ပါတယ်။

ဒါပေမဲ့ စစ်ကောင်စီက သေဒဏ်ချမှတ်မှုတွေကို မရပ်ဆိုင်းသေးကြောင်း အခုတခါ ထပ်ပြီး သက်သေပြလိုက်တာပါ။

### သေဒဏ်စီရင်တာတွေကို စစ်ကောင်စီက ဆက်လုပ်မှာလား

၁၉၈၈ ခုနှစ်နောက်ပိုင်း သေဒဏ်ချမှတ်တာတွေ ရှိခဲ့ပေမယ့် သေဒဏ်စီရင်မှုတွေကို လက်တွေ့မှာ မလုပ်ဆောင်ခဲ့တဲ့ မြန်မာ စစ်တပ်အာဏာပိုင်တွေဟာ စီရင်မှုကို ဒီနှစ် ဇူလိုင်လက ပြန်လည်စတင်လုပ်ဆောင်လာတာပါ။

ဥိးဂျင်မီတို့အပေါ်စီရင်မှု နောက်ပိုင်း စစ်ကောင်စီပြောခွင့်ရသူ ဗိုလ်ချုပ် ဇော်မင်းထွန်းက သေဒဏ် စီရင်မှုတွေကို ဆက်လုပ်သွားမယ့်အကြောင်း သတင်းစာ ရှင်းလင်းပွဲ တခုမှာ ပြောခဲ့ဖူး ပါတယ်။

အခု စစ်ခုံရုံးအမိန့်ချမှတ်မှုတွေနဲ့ ပတ်သက်ပြီး သက်ဆိုင်ရာ မိသားစုဝင်တွေကတော့ သေဒဏ်ကိုအယူခံဝင်ဖို့ ရှေ့နေတွေနဲ့ တိုင်ပင်နေကြပါတယ်။

ဥပဒေအကြံပေးတယောက်ဖြစ်သူ ဦးခင်မောင်မြင့်က လုပ်စရာ အဆင့် ၂ ခုကို လုပ်နိုင်ပါသေးတယ်လို့ ဆိုပါတယ်။

"အယူခံတွေကို ကြားနာဖို့ သီးခြားဖွဲ့ထားတဲ့ စစ်ခုံရုံး အယူခံအဖွဲ့ဆိုတာ ရှိတယ်။ အဲဒီမှာ အယူခံတက်လို့ ရပါတယ်။ အဲဒီကနေ အယူခံပယ်လိုက်ပြီဆိုမှ နိုင်ငံတော် အကြီးအကဲဆီ၊ လက်ရှိကတော့ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ပေါ့၊

အသနားခံစာတင်လို့ရပါတယ်။ တချို့ လျှော့ပေါ့ပေးတာမျိုးလည်း ရှိခဲ့ဖူးပါတယ်။ သေဒဏ်ကနေ တသက်တကျွန်းဒဏ်ပြောင်းလဲတာမျိုးလည်း တွေ့ဖူးပါတယ်။”

နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) ရဲ့ နိုဝင်ဘာ ၃၀ ရက် ထုတ်ပြန်ချက်အရ မြန်မာနိုင်ငံမှာ “သေဒဏ်အမိန့်ချမှတ်ခံထားရသူပေါင်း ၁၂၈ ယောက် ရှိနေ”တဲ့အတွက် အခု ၁၀ ယောက်ပါ ထပ်ပေါင်းရင် ၁၃၈ ယောက် အထိ ဖြစ်လာတာပါ။

သေဒဏ်စီရင်မှုတွေကို အခုကာလမှာကော ဆက်လက်လုပ်ဆောင်သွားမှာလားလို့ စစ်ကောင်စီဘက်ကို မေးဖို့ ဘီဘီစီက သူတို့ရဲ့ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ကို ဆက်သွယ်ခဲ့ပေမယ့် မအောင်မြင်ခဲ့ပါဘူး။

https://www.bbc.com/burmese/articles/c0weqrez0yvo

---------------------------------------------------------------------------------------------

## လေယာဉ်ပစ်လက်နက် အကူအညီရပါက ၆ လ အတွင်း တော်လှန်ရေး အောင်နိုင်ဟု NUG ယာယီသမ္မတပြော

Published By DVB | 1 December, 2022




နိုင်ငံတကာဆီက လေယာဉ်ပစ်လက်နက်တွေသာ အကူအညီရမယ်ဆိုရင် ၆ လ အတွင်း တော်လှန်ရေး အောင်နိုင်တယ်လို့ အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ယာယီသမ္မတ ဒူဝါလရှီးလက ပြောကြားလိုက်ပါတယ်။

ယူကေနိုင်ငံ လန်ဒန်မြို့အခြေစိုက် ရိုက်တာသတင်းဌာနက စီစဉ်တဲ့ အနာဂတ်ခေါင်းဆောင်မှု ထိပ်သီးဆွေးနွေးပွဲ REUTERS Next Leadership Summit နဲ့ Global Broadcast ထုတ်လွှင့်မှု အစီအစဉ်မှာ ယာယီသမ္မတဒူဝါလရှီးလက မြန်မာ့ဒီမိုကရေစီအရေးနဲ့ အမျိုးသားတန်း တူအခွင့်အရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှုတွေနဲ့ ပတ်သက်လို့ ပါဝင်ပြောကြားခဲ့တာပါ။

စစ်ကောင်စီရဲ့ အကြမ်းဖက်မှုတွေကို ခံနေရတဲ့ပြည်သူတွေအတွက် နိုင်ငံတကာက အမြန်ဆုံးကူညီပေးဖို့လည်း သူက မေတ္တာရပ်ခံပါတယ်။

ယာယီသမ္မတ ဒူဝါလရှီးလက "အထူးသဖြင့် ရုရှားလေယာဉ်တွေနဲ့ပြည်သူလူထုတွေကို တိုက်ခိုက်နေတာ ရွာတွေကိုလိုက်ပြီးမီးရှို့နေတာ ဒါတွေကိုကာကွယ်ဖို့ လေယာဉ်ပစ်ချတဲ့ လက်နက်များသာရှိရင်တော့ ကျနော်ထင်တာ ၆ လလောက်နဲ့ကို ကျနော်တို့ နိုင်သွားပါပြီ။ သူတို့ကိုယ်တိုင်က ဆွေးနွေးတဲ့စကားဝိုင်းကို ရောက်လာချင်မှာပါ။ အာဆီယံရဲ့အဆိုပြုချက်တွေ လက်ခံလာမှာပါ။ US နဲ့ EU၊ ကမ္ဘာ့နိုင်ငံတွေရဲ့တောင်းဆိုချက်တွေကိုလည်း သူလိုက်နာလာမှာပါ။ ဒါမှမဟုတ်ရင်သူလိုက်နာမှာမဟုတ်ဘူး။ ဒါကြောင့်မို့ ဒါကိုအပြင်းအထန်လုပ်ရမယ်လို့ ကျနော်ထင်ပါတယ်။"

တော်လှန်ရေးကာလအတွင်း စစ်သား ၂၅၀၀၀ ဝန်းကျင်ကိုသုတ်သင်နိုင်ခဲ့က ပြည်သူ့ကာကွယ်ရေးတပ်တွေဘက်က တပ်သား ၂၀၀၀ ကျော်နိုင်ငံအတွက် အသက်ပေးလှူခဲ့ရတယ်လို့လည်း ယာယီသမ္မတ ဒူဝါလရှီးလက ပြောပါတယ်။

"ကျနော်တို့ PDF တွေဘက်က ကျဆုံးမှုတွေ ရှိသင့်သလောက်ရှိပါတယ်။ စစ်ကောင်စီဘက်က အခုအချိန်မှာ အကျအဆုံးများစွာဖြစ်တဲ့အတွက်ကြောင့် ကျနော်တို့ ထုတ်ပြန်ပြီးဖြစ်ပါတယ်။ အားလုံး နှစ်သောင်းခွဲလောက် သူတို့ဘက်က ကျဆုံးပြီးဖြစ်ပါတယ်။ လက်နက်ခဲယမ်းတွေလည်း တော်တော်များများရရှိပြီးဖြစ်ပါတယ်။ ကျနော်တို့

PDF တွေဘက်ကလည်း လူနှစ်ထောင်ကျော်လောက် နိုင်ငံအတွက် အသက်ပေးဆပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒါတွေက အရင်းအနှီးအနေနဲ့ ကျနော်တို့ခံယူထားပါတယ်။ စိတ်မလျှော့ပါဘူး။ ဆက်ပြီးတော့ တိုင်းပြည်အတွက် တာဝန်ထမ်းဆောင်ရေးမှာ သူတို့စိတ်အားထက်သန်လျှက်ရှိတယ်ဆိုတာ ပြောကြားလိုပါတယ်။"

အရှေ့တောင်အာရှဒေသတွင်းမှာ မြန်မာနိုင်ငံရဲ့ဆိုးရွားတဲ့အခြေအနေဟာ ကြီးမားတဲ့သက်ရောက်မှုတွေဖြစ်နေတဲ့အတွက် ခုလိုပါဝင်ဆွေးနွေးခွင့်ရခဲ့တာဖြစ်ပြီး ဒီလိုအခွင့်အရေးရချိန်မှာ နိုင်ငံတကာက မြန်မာပြည်သူတွေအတွက် လေယာဉ်ပစ်လက်နက်တွေ ထောက်ပံ့ပေးဖို့ မေတ္တာရပ်ခံတောင်းဆိုလိုက်ပါတယ်။

အာဆီယံတောင်းဆိုချက်တွေအတိုင်း စစ်ကောင်စီအနေနဲ့ ပြည်သူလူထုကို သတ်ဖြတ်နေတာချက်ချင်းရပ်စဲဖို့၊ နိုင်ငံရေးကလုံးဝထွက်ပေးဖို့၊ နိုင်ငံတကာကကူညီတဲ့လူ သားချင်းစာနာမှုဆိုင်ရာအကူအညီတွေကို အနှောင့်အယှက်မရှိလက်ခံဖို့၊ ၂၀၀၈ ဖွဲ့စည်းပုံကို လုံးဝဖျက်သိမ်းဖို့၊ နိုင်ငံတကာဆီမှာ သဘောတူညီချက်တွေကို အာမခံထားနိုင်မယ်ဆိုရင် စစ်ကောင်စီနဲ့ ဆွေးနွေးပွဲတွေဖြစ်လာနိုင်တယ်လို့လည်း ယာယီသမ္မတဒူဝါလရှီးလက ပြောပါတယ်။

ဒီလိုဆွေးနွေးပွဲဆိုတဲ့စကားရပ်အပေါ် ပြည်သူတွေက သဘောတူမှာမဟုတ်ဘူးဆိုတာသိပေမယ့် စစ်ဘေးသင့်နေတဲ့ပြည်သူတွေကိုကူညီနိုင်ဖို့ အခုလမ်းကြောင်းကို ထည့်သွင်းပြောဆိုတာလို့လည်း သူကရှင်းလင်းခဲ့ပါတယ်။

ပိုမိုကောင်းမွန်တဲ့မနက်ဖန်အတွက် အတွေးသစ်အမြင်သစ်တွေကို ချပြဆွေးနွေးကြတဲ့ ဒီအစီအစဉ်မှာ ကနေဒါဝန်ကြီးချုပ် ထရူးစ်ဒိုး၊ လစ်သူယေးနီးယားဝန်ကြီးချုပ် အင်ဂရီဒါရှိမွန်နီတာ၊ ဂျပန်နိုင်ငံခြားရေးဝန်ကြီး ဟာရာရှိယိုရှီမာဆာ၊ အိန္ဒိယ၊ သီရိလင်္ကာနဲ့ အမေရိကန်နိုင်ငံတို့က ဝန်ကြီးနဲ့ ဒုဝန်ကြီးတွေ၊ ကမ္ဘာ့ဘဏ် ဥက္ကဋ္ဌ ဒေးဗစ်မယ်လ်ပတ်စ်၊ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ IMF မန်နေးဂျင်းဒါရိုက်တာ ခရစ္စတာလီနာဂျော့ဂျီဗာတို့ အပါအဝင် ကမ္ဘာ့ နိုင်ငံရေးနဲ့ စီးပွားရေးခေါင်းဆောင်တွေ ပါဝင်ပြောကြားသွားခဲ့ကြတာ ဖြစ်ပါတယ်။

https://burmese.dvb.no/archives/566622

-------------------------------------------------------------------------------------------

## ထီးချိုင့် လေသာရွာ လေယာဉ်နဲ့ ဗုံးကြဲခံရပြီးနောက် နေအိမ် ၄၀ ခန့်ပျက်စီး

2022.12.01



မီးရှို့ဖျက်ဆီးခြင်းခံရသည့် စစ်ကိုင်းတိုင်း၊ ထီးချိုင့်မြို့နယ်၊ လေသာရွာကို ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်နေ့က တွေ့ရစဉ်။ Tigyaing Revolution -TR

စစ်ကိုင်းတိုင်း၊ ထီးချိုင့်မြို့နယ်၊ လေသာရွာဘက်မှာ နိုဝင်ဘာ ၃၀ ရက်၊ မနေ့က စစ်ကောင်စီတပ်က တိုက်လေယာဉ်နဲ့ ဗုံးကြဲပြီး အင်အား ရှစ်ဆယ်နီးပါးရှိတဲ့ စစ်ကြောင်းက ဒီဇင်ဘာ ၁ ရက်၊ ဒီနေ့မနက် ၆ နာရီကျော်မှာ ဝင်ရောက်စီးနင်းပြီးနောက် နေအိမ် ၄၀ ခန့် ပျက်စီးသွားတယ်လို့ ဒေသခံတွေက ပြောပါတယ်။

လေသာရွာမှာ အိမ်ခြေ နှစ်ရာကျော် လူဦးရေ ခြောက်ရာနီးပါးရှိပြီး ပြီးခဲ့တဲ့ ရက်ပိုင်း ကတည်းက ဘေးလွတ်ရာကို ဒေသခံတွေ ထွက်ပြေးရှောင်နေရတယ်လို့ လုံခြုံရေးကြောင့် အမည်မဖော်လိုတဲ့ ဒေသခံတစ်ဦးက ပြောပါတယ်။

**"ဒေသခံတွေက စစ်ကြောင်းဝင်မယ်လို့ သတင်းကြိုရတဲ့ ပြီးခဲ့တဲ့ ရက်ပိုင်းကတည်းက ကြိုရှောင်နေကြတာ။ မနက်ကိုးနာရီက မီးရှို့တာ အခုညနေ ၃နာရီကျော်မှ ငြိမ်းတယ်။ ရွာအနီးအနားကို ကပ်ကြည့်တာ အိမ်ခြေလေးဆယ်နီးပါး ပါသွားပါတယ်။ အပြင်မှာ ဒီထက်ပိုနိုင်ပါတယ်"**

နေအိမ်တွေဟာ ဗုံးကြောင့်ပျက်စီးတာရှိသလို မီးရှို့ခံရမှုကြောင့် ပျက်စီးသွားတာလည်းရှိပြီး အသေးစိတ်ကိုတော့ မသိရသေးဘူးလို့ သူကပြောပါတယ်။

လေသာရွာက ဒေသခံတွေဟာ လက်လုပ်လက်စား တောင်ယာစိုက်ပျိုးသူတွေ ဖြစ်ပြီး လယ်ယာသုံး စက်ယန္တရားတချို့ မီးရှို့သွားတဲ့အထဲ ပါသွားတယ်လို့ ဆိုပါတယ်။

လက်ရှိအချိန်အထိ စစ်ကြောင်းဟာ လေသာရွာထဲမှာ ရှိနေပြီး အိမ်မွေးတိရစ္ဆာန်တွေကို သတ်ဖြတ်စားသောက်တာ၊ တန်ဖိုးကြီးပစ္စည်းတွေ မွှေနှောက်ရှာဖွေနေတယ်လို့ ဒေသခံတွေက ဆိုပါတယ်။

စစ်ကောင်စီတပ်က လေသာကျေးရွာကို ဘာကြောင့်ဗုံးကြဲပြီး ရွာထဲကို ဝင်ရောက်တယ် ဆိုတာကိုတော့ ရှင်းရှင်းလင်းလင်း မသိရသေးပါဘူး။

စစ်ကောင်စီ စစ်ကြောင်းတွေဟာ ပြီးခဲ့တဲ့ နိုဝင်ဘာတစ်လအတွင်းမှာ ကျက်သရေချောင်း ရွာက နေအိမ် ၁၅ လုံး၊ ဆူးပုတ်ချောင်းရွာမှာ နေအိမ် ၄၀၊ အင်ကြင်းကုန်းရွာမှာ နေအိမ် ၂၀၊ အလယ်တောရွာမှာ နေအိမ် ၂၀၊ အင်းတိန်ရွာမှာ နေအိမ် ၃၀ စုစုပေါင်း နေအိမ် ၁၂၅လုံးကို မီးရှို့ဖျက်ဆီးခဲ့တယ်လို့ ဒေသခံတွေက ပြောပါတယ်။

ဒီဖြစ်စဉ်တွေနဲ့ပတ်သက်လို့ စစ်ကောင်စီဘက်ကလည်း တစ်စုံတစ်ရာ ထုတ်ပြန်တာ မရှိသေးပါဘူး။

စစ်ကောင်စီပြောခွင့်ရသူ ဗိုလ်ချုပ် ဇော်မင်းထွန်းကတော့ သူတို့အနေနဲ့ နေအိမ်တွေကို မီးရှို့ဖျက်ဆီးတာမရှိသလို အရပ်သားတွေအပေါ် ထိခိုက်အောင်လုပ်တာမရှိဘူးလို့ တုံ့ပြန်ပြောဆိုထားပါတယ်။

ကုလသမဂ္ဂ လူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးမှူးရုံး (UNOCHA) ရဲ့ အောက်တိုဘာလ ၃၁ ရက်နေ့ ထုတ်ပြန်ချက်အရ အာဏာသိမ်းပြီးနောက် မလုံခြုံမှုနဲ့ ပဋိပက္ခတွေကြောင့် စစ်ကိုင်းတိုင်းမှာ ဒေသခံ ၆၁၂,၄၀၀ ဦး အိုးအိမ်စွန့်ခွာ ထွက်ပြေးနေရပါတယ်။

https://www.rfa.org/burmese/news/burned-laythar-village-12012022063201.html

-----------------------------------------------------------------------------------------------

## ဆားလင်းကြီးမြို့နယ်က ရွာလေးရွာမီးရှို့ခံရ၊ ဒေသခံ ငါးထောင်နီးပါး နေရပ်စွန့်ခွာထွက်ပြေး

RFA Burmese | 2022.12.01



စစ်ကိုင်းတိုင်း၊ ဆားလင်းကြီးမြို့နယ် လက်ပံကျွန်းကျေးရွာ မီးရှို့ခံထားရသည့်အား ၂၀၂၂ ခုနှစ် ဒီဇင်ဘာလ ၁ ရက်နေ့က တွေ့ရစဉ်။ တွေ့ရာသချိုင်း ဓာတ်ပုံ: ဓားမဆိုင်းပြောက်ကျားတပ်ဖွဲ့

စစ်ကိုင်းတိုင်း၊ ဆားလင်းကြီးမြို့နယ်မှာ နိုဝင်ဘာ ၃၀ ရက်ကနေ ဒီဇင်ဘာလ ၁ ရက် ဒီနေ့မနက်ပိုင်းအထိ ကျေးရွာလေးရွာကို စစ်ကောင်စီတပ်ဖွဲ့တွေဝင်ရောက်လာပြီး နေအိမ်တွေမီးရှို့ခံနေရတာကြောင့် ဒေသခံ ငါးထောင်နီးပါး နေရပ်စွန့်ခွာထွက်ပြေး နေရတယ်လို့ ဆားလင်းကြီး ဒေသခံတွေက RFA ကို ပြောပါတယ်။

နိုဝင်ဘာ ၃၀ ရက်မနေ့က ဆားလင်းကြီးမြို့နယ် ထန်းဇင်ရွာကနေအိမ် ၂၀ ကျော်မီးရှို့ခံခဲ့ရပြီး ဒီဇင်ဘာ ၁ ရက် ဒီနေ့ မနက်ပိုင်းမှာ ဆားထုံး၊ လက်ပံကျွန်းနဲ့ တောကျောင်းရွာတွေကို မီးရှို့နေတာလို့ ဆားလင်းကြီး ဒေသခံတစ်ဦးက RFA ကို ပြောပါတယ်။

**“ဒီကနေ့မနက်မှာ ဆားထုံးကို ဝင်ပြီးရှို့တာ။ ပြီးတော့ လက်ပံကျွန်းကို ဆက်ရှို့နေတယ်။ ဒေသခံတွေကတော့ အနီးနားရွာကရော မီးရှို့တဲ့ ရွာကရောဆို ထွက်ပြေးနေရတာ ငါးထောင်လောက်တော့ရှိတယ်။ နီးစပ်ရာ အမျိုးတွေနဲ့ စစ်ကြောင်းနဲ့ဝေးတဲ့ဆီ ထွက်ပြေးကြရတာပေါ့”**

ဒီကနေ့မနက် စစ်ကောင်စီတပ်တွေ ဝင်ရောက်မီးရှို့နေတဲ့ ကျေးရွာသုံးရွာက ထိခိုက်ပျက်စီးမှုအခြေအနေကိုတော့ မသိရသေးဘူးလို့ သူက ဆက်ပြောပါတယ်။

အဲဒီကျေးရွာတွေထဲ ဝင်ရောက်မီးရှို့နေတဲ့ စစ်ကောင်စီတပ်ဖွဲ့ဟာ မန္တလေးတိုင်းဘက်ကနေ မော်တော်ယာဉ်တွေနဲ့လာတဲ့ စစ်ကြောင်းဖြစ်တယ်လို့လည်း ဆားလင်းကြီး ဒေသခံတွေက ပြောပါတယ်။

ဒီဖြစ်စဉ်တွေနဲ့ပတ်သက်လို့ စစ်ကောင်စီဘက်ကတစ်စုံတစ်ရာ ထုတ်ပြန်ထားတာ မရှိသေးပါဘူး။

စစ်ကောင်စီပြောခွင့်ရသူ ဗိုလ်ချုပ်ဇော်မင်းထွန်းကတော့ အရပ်သားတွေရဲ့ နေအိမ်တွေကို မီးရှို့တာဟာ သူတို့လက်ချက်မဟုတ်ဘူးလို့ တုံ့ပြန်ပြောဆိုထားပါတယ်။

ကုလသမဂ္ဂ လူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးမှူးရုံး (UN OCHA) ရဲ့ ၂၀၂၂ ခုနှစ် အောက်တိုဘာ ၃၁ ရက် ထုတ်ပြန်ချက်အရ အာဏာသိမ်းပြီးနောက် မလုံခြုံမှုနဲ့ ပဋိပက္ခတွေကြောင့် စစ်ကိုင်းတိုင်းမှာ ဒေသခံ ၆၁၂,၄၀၀ ဦး အိုးအိမ်စွန့်ခွာ ထွက်ပြေးနေရတယ်လို့ ဖော်ပြထားပါတယ်။

https://www.rfa.org/burmese/news/four-villages-were-burned-in-salingyi-12012022032109.html

------------------------------------------------------------------------------------------------

## မုံရွာနှင့် ဆားလင်းကြီးတွင် စစ်ကောင်စီတပ်ဖွဲ့ဝင် ၂၀၀ ခန့် သေဆုံး

Published By DVB | 1 December, 2022




စစ်ကိုင်းတိုင်း၊ မုံရွာနဲ့ ဆားလင်းကြီးမြို့နယ်ထဲမှာ ပြီးခဲ့တဲ့ ၂ ရက်အတွင်း ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့တွေက တိုက်ခိုက်လို့ အကြမ်းဖက်စစ်ကောင်စီတပ်သား ၂၀ လောက် သေဆုံးခဲ့တယ်လို့ Aung San Force - A.S.F က နိုဝင်ဘာ ၃၀ ရက် ညမှာ ထုတ်ပြန်ပါတယ်။

လေယာဉ်ဆီတွေတင်ပြီး ချင်းတွင်းမြစ်ကြောင်းအတိုင်း ဆန်တက်လာတဲ့ မော်တော်တွေကို နိုဝင်ဘာ ၂၈ ရက် မနက် ၁၀ နာရီလောက်က Aung San Force - A.S.F မုံရွာခရိုင် အမှတ်-၅ တပ်ရင်း၊ SRA၊ SGF၊ Spring Dove Force၊ မုံရွာခရိုင် သံမဏိတပ်ရင်းနဲ့ မဟာမိတ် တပ်ဖွဲ့တွေက ရှေ့ထွက်မိုင်းတွေနဲ့ ကြားဖြတ်တိုက်ခိုက်ခဲ့တာပါ။

ညနေ ၃ နာရီလောက်မှာတော့ မုံရွာဘက်ကနေ စစ်ကူအဖြစ် စုန်ဆင်းလာတဲ့ စစ်ကောင်စီတပ်သားတွေပါလာတဲ့ မော်တော်တွေကို ရှေ့ထွက်မိုင်းတွေဆွဲပြီး လက်နက်ငယ်တွေနဲ့ ကြားဖြတ်ပစ်ခတ်တိုက်ခိုက်ခဲ့လို့ မော်တော်တွေပေါ်မှာပါလာတဲ့ စစ်သားတချို့ သေဆုံးခဲ့တယ်လို့ ဆိုပါတယ်။

နိုဝင်ဘာ ၂၉ ရက် နေ့လယ်ပိုင်းမှာလည်း ချင်းတွင်းမြစ်အောက်ဘက်ကနေ အထက်ကို ဆန်တက်လာတဲ့ စစ်ကောင်စီတပ်သားတွေပါတဲ့ မော်တော်တွေကို Aung San Force မုံရွာခရိုင် အမှတ်-၅ တပ်ရင်း၊ SRA၊ SGF နဲ့ မဟာမိတ်တပ်ဖွဲ့တွေက ရှေ့ထွက်မိုင်းတွေ၊ လက်နက်ငယ်တွေနဲ့ ကြားဖြတ်တိုက်ခိုက်ခဲ့ပြီး ပြည်သူ့ကာကွယ်ရေးတပ်တွေကတော့ အထိအခိုက်မရှိဘဲ ပြန်ဆုတ်ခွာနိုင်ခဲ့တယ်လို့ ဆိုပါတယ်။

တိုက်ပွဲကာလမှာ စစ်ကောင်စီတပ်သားတွေရဲ့ အသေအပျောက်ကို မသိခဲ့ရဘဲ အနောက်မြောက်ပိုင်း စစ်ဌာနချုပ်ဆီကို စစ်ကြောင်းတွေပြန်ရောက်မှ မြစ်ထဲမှာ သေဆုံးတဲ့ အရေအတွက်ကို စုံစမ်းသိရတာလို့ အဖွဲ့နဲ့ နီးစပ်သူတယောက်က ပြောပါတယ်။

https://burmese.dvb.no/archives/566669

---------------------------------------------------------------------------------------------------

## ဖားကန့်တွင် စစ်ကောင်စီတပ်က အရပ်သားပြည်သူ ၆၀ ကျော်ကို အဓမ္မခိုင်းစေရန် ပေါ်တာဆွဲ

Published By DVB | 1 December, 2022



ကချင်ပြည်နယ်၊ ဖားကန့်လမ်း၊ ကွမ်ဆိုင်ကျေးရွာထိပ်က ဆုတောင်းကုန်းပေါ်မှာ နေရာယူထားတဲ့ စစ်ကောင်စီတပ်မ (၃၃) ခလရ(၄၂) တပ်ရင်းက အင်အား ၁၀၀ ကျော်နဲ့ နိုဝင်ဘာ ၃၀ ရက် ညနေပိုင်းက အရပ်သားပြည်သူတွေကို အဓမ္မခိုင်းစေဖို့ ပေါ်တာဆွဲသွားခဲ့တယ်လို့ သိရပါတယ်။

ဒါ့အပြင် အဲဒီညနေပိုင်းမှာ လမ်းခရီးတလျှောက် တွေ့သမျှ အရပ်သားပြည်သူတွေအပြင် ဖားကန့် အတက်အဆင်း ကားသမားတွေအပါအဝင် အယောက် ၆၀ လောက်ကို ဖမ်းဆီးပြီး လမ်းပြနဲ့ အထမ်းပေါ်တာအဖြစ် ခိုင်းစေကာ ဖားကန့်မြို့က ဆင်းလာခဲ့ပြီး ဒီဇင်ဘာလ ၁ ရက်နေ့ မနက် ၅ နာရီလောက်က နန့်ယားကျေးရွာရှိ စစ်ကောင်စီစခန်းကို ရောက်ရှိလာခဲ့တယ်လို့ ဒေသခံတွေက သိရပါတယ်။

“ကားသမားတွေကိုတော့ ဒီမနက်ပိုင်း (ဒီဇင်ဘာ ၁ ရက်) မှာ ပြန်လွှတ်ပေးလိုက်ပြီလို့တော့ သိရတယ်။ တခြားအရပ်သားပြည်သူတွေကိုတော့ နန့်ယား စစ်ကောင်စီစခန်းထဲ ခေါ်ဖမ်းထားတယ်။ ဖားကန့်လမ်းမှာ စစ်တပ်က ပေါ်တာဆွဲနေတာ။ ပြီးရင် သူတို့ သွားချင်တဲ့နေရာကို သွားရင် လူသားတံတိုင်းလို ခေါ်သွားတာ။ နန့်ယားဂိတ်ကတော့ အရင်ကတည်းက အစစ်အဆေးကြမ်းတယ်။ အခုလည်း ဖားကန့်လမ်းက အစစ်အဆေးများတုန်းပဲ။”

ဖားကန့်မြို့နယ် ကားမိုင်းစစ်ကောင်စီတပ်က စစ်ကောင်စီတပ်ဖွဲ့ဝင်တွေနဲ့ ပြည်သူ့စစ်တွေက ဒီဇင်ဘာလ ၁ ရက် မနက် ၆ နာရီခန့်ကစပြီး ကားမိုင်းမြို့အဝင် လိုင်နောင်တံတားမှာ ဖြတ်သန်းသွားလာနေတဲ့ ပြည်သူတွေကို စစ်ဆေးမေးမြန်းနေတယ်လို့ သိရပါတယ်။

စစ်ကောင်စီတပ်တွေဟာ ပြီးခဲ့တဲ့ အောက်တိုဘာ ၂၃ ရက်က ဖားကန့် အနန့်ပါကို လေယာဉ်နဲ့ ပုံးကြဲပစ်ခတ်ခဲ့ပြီးနောက်ပိုင်း ဖားကန့်မြို့မှာ စစ်အင်အားတွေဖြည့်တင်းပြီး စစ်ရေးလှုပ်ရှားမှုတွေ တောက်လျှောက်ရှိနေသလို ကချင်လွတ်မြောက်ရေးတပ်မတော် (KIA) နဲ့ တိုက်ပွဲတွေ ဖြစ်ပွားနေပြီး စစ်ရေးတင်းမာနေတဲ့ အခြေအနေမှာ ရှိနေပါတယ်။

https://burmese.dvb.no/archives/566685

---------------------------------------------------------------------------------------------

## ကရင်နီပြည်နယ်၌ နိုဝင်ဘာလအတွင်း တိုက်ပွဲ ၂၈ ကြိမ်ဖြစ်၊ စစ်ကောင်စီတပ်သား ၄၃ ဦးသေဆုံး

Published By lusane | 1 December, 2022




ကရင်နီပြည်နယ်မှာ နိုဝင်ဘာလအတွင်း တိုက်ပွဲ ၂၈ ကြိမ်ဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်သား ၄၃ ဦးသေဆုံး၊ ၃ ဦး ဒဏ်ရာရရှိခဲ့တယ်လို့ ကရင်နီအမျိုးသားများကာကွယ်ရေးတပ် (KNDF) က ဒီကနေ့ ထုတ်ပြန်ပါတယ်။

နိုဝင်ဘာ ပထမအပတ်အတွင်း လွိုင်ကော်မြို့နယ် ကုန်းဆွတ် ကျေးရွာ အနီးတဝိုက်ကို စစ်ကောင်စီတပ်ဘက်မှ အပြင်းအထန်တိုက်ခိုက်ခဲ့သလို နိုဝင်ဘာ နောက်ဆုံးအပတ်မှာလည်း လွိုင်ကော်မြို့နယ် ပါလေလောင်းကျေးရွာနဲ့ ဒေါတယိုကျေးရွာ ပတ်ဝန်းကျင်တို့မှာ စစ်ကောင်စီတပ်က ဝင်ရောက် တပ်စွဲထားတဲ့အတွက် ထိတွေ့တိုက်ပွဲတွေ ဖြစ်ပွားခဲ့တယ်လို့ ဆိုပါတယ်။

အလားတူ ဒီးမော့ဆိုမြို့နယ် ကုန်းသာ၊ သေးဆူလဲ ကျေးရွာတို့မှ ရှမ်းကယားနယ်စပ် နန်းဖယ်ခုံမြို့နဲ့ အနီးတဝိုက်ကျေးရွာအထိ စစ်ကောင်စီတပ်ကို ကရင်နီ ပူးပေါင်းတပ်ဖွဲ့က အပြင်းအထန်တိုက်ခိုက်နေကြောင်း ထုတ်ပြန်ထားပါတယ်။

ဒါ့အပြင် စစ်ကောင်စီတပ်ရဲ့ အကြမ်းဖက်စစ်ဆင်ရေးနဲ့ လက်နက်ကြီး ပစ်ခတ်မှုတွေကြောင့် နိုဝင်ဘာလအတွင်း အရပ်သားပြည်သူ ၂ ဦးသေဆုံး၊ ၃၄ ဦး ဒဏ်ရာရရှိခဲ့သလို လက်နက်ကြီး ထိမှန်တာကြောင့် နေအိမ် ၅၇ လုံး ပျက်စီးခဲ့တယ်လို့ KNDF က ထုတ်ပြန်ထားပါတယ်။

နိုဝင်ဘာလအတွင်း စစ်ကောင်စီတပ်ဘက်က တပ်သား ၁ ဦး လက်နက်အပြည့်အစုံနဲ့ ပြည်သူဘက်ပူးပေါင်းကာ CDM ပြုလုပ်ခဲ့တယ်လို့ ဆိုပါတယ်။

စစ်ကောင်စီတပ်တွေကို ခုခံတိုက်ခိုက်ရင်း KNDF မှ ရဲဘော် ၂ ဦး ကျဆုံးခဲ့ရပါတယ်။

လက်ရှိအခြေအနေအရ ဒီးမော့ဆိုမြို့နယ်နဲ့ နန်းဖယ်ခုံမြို့တို့မှာ စစ်ရေးအရှိန်မြင့်နေပြီး ထိတွေ့တိုက်ပွဲတွေ မကြာခဏဖြစ်ပွားနေတဲ့အတွက် ပြည်သူတွေအနေနဲ့ လုံခြုံရေး သတိရှိကြပါဖို့ သတိပေးထားပါတယ်။

https://burmese.dvb.no/archives/566705

---------------------------------------------------------------------------------------------------

## ကရင်ပြည်နယ် သေဘောဘိုးနှင့် ဘလက်ဒိုကျေးရွာများ၌်နေထိုင်သူ ၁၁၈ ဦး နေရပ်သို့ပြန်လည်ဝင်ရောက်

PUBLISHED 1 DECEMBER 2022

ကရင်ပြည်နယ် သေဘောဘိုးနှင့် ဘလက်ဒိုကျေးရွာများ၌ နေထိုင်သူ ၁၁၈ ဦး နိုဝင်ဘာ ၃၀ ရက်တွင် ၎င်းတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လာကြောင်း နစက သတင်းထုတ်ပြန်ရေးအဖွဲ့က ထုတ်ပြန်သည်။

ဖလူး၊ ကျောက်ခက်၊ သေဘောဘိုး၊ ဝေါ လေဒေသတစ်ဝိုက်နှင့် မြဝတီ-ဝေါလေကား လမ်းတစ်လျှောက်တွင် KNU၊ KNLA နှင့် PDF များက ၂၀၂၂ မေလမှ စတင်ထိန်းချုပ် ၍ အဆိုပါဒေသတစ်ဝိုက်ရှိ လူနေအိမ်များ၊ ဘာသာရေးဆိုင်ရာ အဆောက်အဦများ၊ စာ သင်ကျောင်းများအတွင်း ဝင်ရောက်နေထိုင်ကာ ပစ်ခတ်တိုက်ခိုက်မှုများ ပြုလုပ်ခဲ့သဖြင့် ဒေသခံပြည်သူများအနေဖြင့် ဘေးလွတ်ရာ နေရာများသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ကြောင်း သိရသည်။

အဆိုပါဒေသတစ်ဝိုက်အား လုံခြုံရေးတပ်ဖွဲ့ဝင်များက နိုဝင်ဘာ ၂၈ ရက်မှစ၍ ပြန်လည်ထိန်းချုပ်နိုင်ခဲ့ပြီး ဒေသတည်ငြိမ်အေးချမ်းမှုရှိသည့်အတွက် ထွက်ပြေးတိမ်းရှောင်နေသည့် ပြည်သူများအား ပြန်လည်နေထိုင်နိုင်ရေးအတွက် တယ်လီဖုန်းများဖြင့်လည်းကောင်း၊ အသံချဲ့စက်များဖြင့် မြန်မာဘာသာ၊ ကရင်ဘာသာစကားများဖြင့်လည်းကောင်း ပြန်လည်ဖိတ်ခေါ်ခြင်းနှင့် လိုအပ်သည့်များ ညှိနှိုင်းဆောင်ရွက်ပေးမှုများကြောင့် ထွက်ပြေးတိမ်းရှောင်နေသူများ ပြန်လည်ဝင်ရောက်လျက်ရှိရာ နိုဝင်ဘာ ၃၀ ရက်တွင် သေဘောဘိုးကျေးရွာနှင့် ဘလက်ဒိုကျေးရွာ များသို့ အမျိုးသား ၅၄ ဦး၊ အမျိုးသမီး ၆၄ ဦး၊ စုစုပေါင်း ၁၁၈ ဦး ပြန်လည်ရောက်ရှိလာကြောင်းသိရသည်။

ယင်းသို့ ပြန်လည်ဝင်ရောက်လာသူများအား သက်ဆိုင်ရာတာဝန်ရှိသူများက နေ့ညမပျက် ပြန်လည်ကြိုဆို၍ စနစ်တကျလက်ခံလျက်ရှိပြီး လိုအပ်သည်များ ကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

https://news-eleven.com/article/241214

---------------------------------------------------------------------------------------------------------

## မက္ကသာရွာအနီးရှိ သတ္တုခဲမိုင်းတွင်းကို စစ်ကောင်စီတပ်က လေးကြိမ်မြောက် လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်

**ဒီဇင်ဘာလ ၁ ရက်၊ ၂၀၂၂ ခုနှစ်။ ကေအိုင်စီ**



Photo: CJ

ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး၊ ဒူးပလာယာခရိုင်၊ ဘုရားသုံးဆူမြို့နယ် မက္ကသာကျေးရွာ အနီးရှိ အမှတ်(၆)သတ္တုခဲမိုင်းတွင်းကို စစ်ကောင်စီတပ်က ဂျက်လေယာဉ်ဖြင့် ယမန်နေ့ည ညဉ့်နက်ပိုင်း တွင် စတုတ္ထအကြိမ်မြောက် လာရောက် ဗုံးကြဲတိုက်ခိုက်ခဲ့ကြောင်း ဒေသခံများက ပြောသည်။

စစ်ကောင်စီတပ်က အမှတ်(၆)သတ္တုခဲမိုင်းတွင်းကို ယမန်နေ့ နိုဝင်ဘာလ ၃၀ရက် ည(၁၂)နာရီ မိနစ်(၄၀) အချိန်ခန့်တွင် တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ ဂျက်လေယာဉ်ဖြင့် သွားရောက်ပစ်ခတ်ခဲ့ခြင်းဖြစ်ပြီး သတ္တုမိုင်းအတွင်းရှိ အဆောင်များ ထိခိုက်ပျက်စီးခဲ့သလို လူထိခိုက်မှုများရှိခဲ့သည်ဟုလည်း နီးစပ်သည့် ဒေသခံတစ်ဦးက ယခုလို ပြောသည်။

“၁၂ နာရီမိနစ်(၄၀)လောက်မှာ အမှတ်(၆)သတ္တုခဲမိုင်းတွင်းကိုလာကြဲတာ။ ဂျက်လေယာဉ် ၂စင်း လာတယ်။ တစ်စင်းက ခေါင်မိုးပေါ်က ဖြတ်တယ်။ နောက်တစ်စင်းက အသံနည်းနည်းဝေးတယ်။ လူအထိအခိုက်တာတွေလည်း များတယ်လို့ ကြားတယ်”ဟု ထိုဒေသခံက ကေအိုင်စီသို့ ပြောသည်။

ထိုသို့ စစ်ကောင်စီတပ်က ဂျက်လေယာဉ်ဖြင့် အမှတ်(၆)သတ္တုခဲမိုင်းတွင်းကို လာရောက်ဗုံးကြဲ ချခြင်းကြောင့် အဆောက်အဦးနှင့် လူထိခိုက်မှုများရှိကြောင်း သတင်းများ ထွက်ပေါ်နေသော်လည်းပဲ ၎င်းကိစ္စနှင့်ပတ်သက်ပြီး ကေအိုင်စီအနေဖြင့် သီးခြားအတည်ပြုနိုင်ခြင်း မရှိသေးပေ။



Photo: CJ

အလားတူ ပြီးခဲ့သည့် နိုဝင်ဘာလ ၁၅ ရက်နေ့ ညက သပြုသတ္တုမိုင်းတွင်းနေရာကို နစ်ဖက်တိုက်ပွဲ ဖြစ်ပွားမှုမရှိဘဲ စစ်ကောင်စီတပ်က ဂျက်လေယာဉ်ဖြင့် ပထမဦးဆုံးအကြိမ် ဗုံးကြဲတိုက်ခိုက်ခဲ့ သည့်အတွက် မိုင်းတွင်း အလုပ်သမား ၃ ဦးသေဆုံးပြီး ၆ ဦးဒဏ်ရာရရှိခဲ့သည်။ ၎င်းထိခိုက်ဒဏ်ရာရရှိသူ များထဲတွင် တရုတ်နိုင်ငံသားတစ်ဦး ပါဝင်ကြောင်းလည်း နယ်မြေခံ ကေအဲန်ယူဘက်က ပြောဆိုထားသည်။

ပြီးခဲ့သည့် နိုဝင်ဘာလ ၂၁ ရက်နေ့တွင်လည်း အဆိုပါ မိုင်းတွင်းနေရာ၌ပင် စစ်ကောင်စီဘက်မှ တိုက်လေယာဉ်ဖြင့် ဒုတိယအကြိမ် ဗုံးကြဲတိုက်ခိုက်ခဲ့သလို နိုဝင်ဘာလ ၂၅ ရက်နေ့တွင်လည်း တတိယအကြိမ် လေကြောင်းဖြင့် လာရောက်တိုက်ခိုက်ခဲ့သေးသည်။

အလားတူ ပြီးခဲ့သည့် အောက်တိုဘာလ ၆ ရက်နေ့တွင်လည်း နစ်ဖက်ပစ်ခတ်မှုမရှိဘဲ စစ်ကောင်စီတပ်မှ ကြာအင်းဆိပ်ကြီးမြို့နယ် ဝင်းရော်ဒေသရှိ မက္ကသာကျေးရွာ ပရိယတ္တိစာသင်တိုက် ဘုန်းကြီးကျောင်း ကိုလည်း လေယာဉ် ၄ စင်းနှင့် လာရောက်ဗုံးကြဲတိုက်ခိုက်မှုလုပ်ဆောင်သည့်အတွက် ဘုန်းကြီးကျောင်းတစ်ကျောင်းလုံး ပျက်စီးခဲ့ရသေးသည်။

https://kicnews.org/2022/12/မက္ကသာရွာအနီးရှိ-သတ္တုခ/

---------------------------------------------------------------------------------------------------

## လေကြောင်းရန်ကြောင့် ကော့ကရိတ်တောင်ပိုင်းတွင် ရွာပုန်းရှာရှောင်အဖြစ် နေထိုင်ကြရသူ ၅,၀၀၀ ကျော်ရှိနေ

**ဒီဇင်ဘာလ ၁ရက်၊ ၂၀၂၂ ခုနှစ် ။ ကေအိုင်စီ**



Photo: CJ

စစ်ကောင်စီ လေကြောင်းမှ တိုက်ခိုက်မှုလုပ်ဆောင်ရန် နေ့/ည လေကြောင်းမှ ကင်းထောက်ပျံသန်းနေမှုကြောင့် ကော့ကရိတ်မြို့ တောင်ပိုင်းဒေသရှိ ကျေးရွာများမှ ဒေသခံ ၅,၀၀၀ ကျော်ခန့်မှာ ရွာပုန်းရှာရှောင်အဖြစ် ရွှေ့ပြောင်းနေထိုင် စစ်ဘေးရှောင်နေကြရကြောင်း ဒေသအတွင်း စစ်ဘေးရှောင်များအရေး တစ်ပိုင်တစ်နိုင်ကူညီသူများက ပြောသည်။

KNU-ကရင်အမျိုးသားအစည်းအရုံး၊ ဒူးပလာယာခရိုင်၊ ကော့ကရိတ်မြို့နယ်တွင် ယခုတလော စစ်ကောင်စီလေကြောင်းမှ နေ့၊ ညမပြတ် ကင်းထောက်ပျံသန်းများ လုပ်ဆောင်လာနေသောကြောင့် မိမိနေအိမ်တွင် မနေရဲတော့ဘဲ ယခုလို ရွှေ့ပြောင်းနေထိုင်ကြရခြင်းဖြစ်သည်ဟု စစ်ရှောင်များအား တစ်ပိုင်တစ်နိုင် စားသောက်စရာ အကူအညီ ဖြန့်ဝေ ပေးသူတစ်ဦးက ကေအိုင်စီသို့ ပြောသည်။

၎င်းက “တချို့မပြေးကြတဲ့သူတွေဆိုလည်း ရွာမှာနေ့ဘက်တောင်ယာလုပ် ညဘက်ဘုန်းကြီးကျောင်းသွားအိပ်၊ အများကတော့ အခုက ရွာစဉ်လှည့်ပြီး ရွာပုန်းရှာရှောင်ပုံစံမျိုးရွှေ့ပြောင်းနေထိုင်ရင်း ရှောင်နေကြရတာများတယ်၊ လောင်းကိုင်၊ ဖားကျ၊ သမိန်ဒွတ်၊ ဂင်းကဘက်တွေရယ်၊ သုံးဆယ့်သုံးဆူ၊ အံကောင်၊ သရိသခေါင်း ရွာဘက်တွေလည်းရှောင်နေရတယ်”ဟု ပြောသည်။

နိုဝင်ဘာလအတွင်း စစ်ကောင်စီဘက်မှ လေကြောင်းတိုက်ခိုက်မှု၊ လက်နက်ကြီးပစ်ခတ်မှုနှင့်မြေပြင်စစ်ကြောင်းများ KNU တပ်မဟာ ၆ နယ်မြေအတွင်း စစ်ရေးအရှိန်မြှင့်တိုက်ခိုက်နေမှုကြောင့် နယ်မြေခံ KNLA ပူးပေါင်းအဖွဲ့များနှင့် တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေပြီး လေကြောင်းမှ ကင်းထောက်ပျံသန်းမှု၊ ညဘက် ဖုံးကွဲတိုက်ခိုက်မှုများ စစ်ကောင်စီဘက်မှ ပိုမိုလုပ်ဆောင်လာသည်ဟု ဒေသခံများက ပြောသည်။

"အခုက နေ့ဘက်ဆို စစ်တပ်စစ်ကြောင်းနဲ့ တိုက်ပွဲဖြစ်မှာကြောက်ရ၊ ညဘက်ဆိုဘုန်းကြီးကျောင်းတွေ၊ ဘုရားကျောင်းတွေ၊ ရော်ဘာခြံ၊ ဒူးရင်းခြံတွေထဲစုပြီး အိပ်ကြရတယ်၊ ရိက္ခာစားစရာကလည်း၊ တံတားတွေပိတ်စစ်၊ လမ်းတွေပိတ်စစ်ဆိုတော့ ပြတ်လပ်နေပြီ"ဟု စစ်ဘေးရှောင် ဒေသခံတစ်ဦးကလည်း ပြောသည်။

ကော့ကရိတ် မြို့ တောင်ပိုင်း ဒေသအတွင်းနှင့် မြဝတီမြို့တောင်ဘက် ဝေါလေ-ကနဲလေးဒေသ၊ ကြာအင်းဆိပ်ကြီး၊ ဘုရားသုံးဆူ ဒေသများဘက်တွင် KNLA ပူးပေါင်းတပ်များ၊ KTLA ကော်သူးလေ ပူးပေါင်းတပ်ဖွဲ့များနှင့် စစ်ကောင်စီတပ်တို့အကြား နစ်ဖက်စစ်ရေး တင်းမာနေဆဲ ဖြစ်သည်။

လက်ရှိတွင် ကော့ကရိတ်၊ ကြာအင်းဆိပ်ကြီး၊ ဘုရားသုံးဆူ ဒေသတစ်လျှောက် လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်နေပြီး လမ်းများတံတားများတွင် စစ်ကောင်စီနှင့် ဒေသနယ်ခြားစောင့်တပ်-BGF တပ်များမှ စားသောက်စရာ၊ ဆေးဝါး၊ အသုံးအဆောင်များ သယ်ဆောင်ရောင်းဝယ်ခြင်းအား ကန့်သတ်စစ်ဆေးမှုများ ပိုမိုလုပ်ဆောင်လာနေသည့်အတွက် စစ်ဘေးရှောင်ဒေသခံများ စားသောက်စရာရရှိမှုခက်ခဲလာနိုင်ကြောင်း ဒေသခံများက ပြောသည်။

https://kicnews.org/2022/12/လေကြောင်းရန်ကြောင့်-ကော/

---------------------------------------------------------------------------------------------------

## နိုဝင်ဘာလအတွင်းဖြစ်ပွားခဲ့သောတိုက်ပွဲများအတွင်း စစ်ကောင်စီတပ်သား ၅၅ ဦး ကျော် သုတ်သင်ရှင်းလင်းနိုင်ခဲ့ဟုဆို

By မဇ္ဈိမ | 01 December 2022




မဇ္ဈိမ။ ။ချင်းပြည်နယ် ဟားခါး-ထန်တလန်အကြားနှင့် ဟားခါးမြို့တွင်း၌ နိုဝင်ဘာလအတွင်း တိုက်ပွဲများ ဖြစ်ပွားခဲ့ရာ စစ်ကောင်စီတပ်သား ၅၅ ဦးကျော် သုတ်သင်နိုင်ခဲ့ကြောင်း ချင်းအမျိုးသားတပ်ဦး(CNF)က နိုဝင်ဘာလ ၃၀ ရက်နေ့တွင် သတင်းထုတ်ပြန်သည်။

ချင်းအမျိုးသားတပ်မတော်(CAN) တပ်မဟာ(၃)နယ်မြေအတွင်း၌ ၎င်းတို့ဦးဆောင်ပြီး ချင်းကာကွယ်ရေး ပူးပေါင်းတပ်ဖွဲ့နှင့်ဖြစ်ပွားသောတိုက်ပွဲများအတွင်း စစ်ကောင်စီတပ်မှ အသေအဆုံးများပြားခဲ့သည့်အပြင် လက်နက်ကိုးလက်နှင့်ခဲယမ်းများ သိမ်းဆည်းရခဲ့ကြောင်းဆိုသည်။

အဆိုပါတိုက်ပွဲများအတွင်း အထိနာနေသော စစ်ကောင်စီတပ်ဖွဲ့သည် တိုက်လေယာဉ်နှစ်စီးနှင့် တိုက်ပွဲသုံးရဟတ်ယာဉ် သုံးစီးတို့ဖြင့် လာရောက်ပစ်ခတ်ခဲ့ကြောင်း ဖော်ပြထားသည်။

ထို့ပြင် ဟားခါးမြို့အခြေစိုက် ဗျူဟာကုန်း (Rung Tlang) မှ လက်နက်ကြီးများဖြင့် နေ့စဉ်ပစ်ခတ်သည် ဟု ဆိုထားသည်။

အဆိုပါတိုက်ပွဲများအတွင်း ချင်းအမျိုးသားတပ်မတော်မှရဲဘော်တစ်ဦး တိုင်းပြည်နှင့်လူမျိုးအတွက် အသက်ပေးလှူခဲ့ကြောင်း ထုတ်ပြန်ကြေညာချက်တွင် ဖော်ပြပါရှိသည်။

နိုဝင်ဘာလ ၇ ရက်နေ့တွင် ချင်းအမျိုးသားတပ်ဦး/တပ်မတော်ဌာနချုပ်ရှိ နေရာ ၁၄ နေရာကို စစ်ကောင်စီ တပ်က လေကြောင်းမှတိုက်ခိုက်ရန်ပြင်ဆင်နေသည့် လျှို့ဝှက်စာပေါက်ကြားလာခဲ့ပြီး လူမှုကွန်ရက်တွင် ထွက်ပေါ်ခဲ့သည်။

၎င်းစာတွင် ဌာနချုပ် Camp Victoria ရှိ နေရာ ၁၄ နေရာကို ပစ်မှတ်ထားတိုက်ခိုက်ရန်ဟုယူဆရသည့် ဂူဂဲလ်မြေပုံ၊ စစ်သုံးမြေပုံ၊ ကင်းထောက်လေယာဉ်များမှ ရိုက်ယူထားသည့်ဓါတ်ပုံများနှင့် နံပါတ်စဉ် အင်္ဂလိပ်အက္ခရာများပါရှိကြောင်းသိရသည်။

https://www.mizzimaburmese.com/article/119967

---------------------------------------------------------------------------------------------------

## ၃ လအတွင်း တိုက်ပွဲ ၁၂ ကြိမ်ဖြစ်ပွားပြီး စစ်ကောင်စီတပ်သား ၃၇ ဦးသေဆုံးဟု CNDF ထုတ်ပြန်

By မဇ္ဈိမ | 01 December 2022



မဇ္ဈိမ။ ။ချင်းပြည်နယ် ဖလမ်းမြို့နယ်နှင့် စစ်ကိုင်းတိုင်း ကလေးမြို့နယ်တို့၌ စက်တင်ဘာလမှ နိုဝင်ဘာ လအထိ သုံးလအတွင်း တိုက်ပွဲပေါင်း ၁၂ ကြိမ်ဖြစ်ပွားခဲ့ပြီး အကြမ်းဖက်စစ်ကောင်စီတပ်ဘက်မှ ၃၇ ဦး သေဆုံးခဲ့ကြောင်း ချင်းအမျိုးသားကာကွယ်ရေးတပ်ဖွဲ့ (CNDF)က ယမန်နေ့ နိုဝင်ဘာလ ၃၀ ရက်နေ့တွင် ထုတ်ပြန်သည်။

စက်တင်ဘာလ ၂၆ ရက်နေ့ သူဖယ်ကျေးရွာတိုက်ပွဲတွင် စစ်ကောင်စီဘက်မှတစ်ဦးသေဆုံးပြီး နိုဝင်ဘာ လ ၁၆ ရက်နေ့ ကလေးတိုက်ပွဲတွင် တစ်ဦးသေဆုံး၍ တစ်ဦးဒဏ်ရာရကာ နိုဝင်ဘာလ ၁၉ ရက်နေ့ ဘွာလ်သဲတိုက်ပွဲတွင် ခြောက်ဦးသေဆုံးခဲ့ပြီး နှစ်ဦးဒဏ်ရာရ၍ နိုဝင်ဘာလ ၂၆ ရက်နေ့ ကလေးမြို့နယ် ရာဇဂြိုလ်ကျေးရွာတိုက်ပွဲတွင် သုံးဦးသေဆုံးခဲ့ကြောင်း ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

နိုဝင်ဘာလ ၁၅၊ ၁၆၊ ၁၇၊ ၁၈၊ ၂၀၊ ၂၁၊ ၂၂၊ ၂၃ ရက်တို့၌ သီးဘွာလ်ကျေးရွာတွင် တိုက်ပွဲများဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်ဘက်မှ ၂၆ ဦး သေဆုံး၍ ကာကွယ်ရေးတပ်ဖွဲ့များဘက်မှ တစ်ဦးဒဏ်ရာရခဲ့သည်ဟု ထုတ်ပြန်ထားသည်။

စက်တင်ဘာလမှ နိုဝင်ဘာလအတွင်း တိုက်ပွဲများတွင် စစ်ကောင်စီတပ်ဘက်မှ စုစုပေါင်း ၃၇ ဦး သေဆုံး ပြီး ကာကွယ်ရေးတပ်ဖွဲ့များဘက်မှ သေဆုံးမှုမရှိဘဲ ဒဏ်ရာရရှိသူငါးဦးရှိခဲ့ကြောင်း ထုတ်ပြန်ချက်က ဆိုသည်။

“နယ်မြေကျွမ်းကျင်မှု၊ ဒရုန်း ပိုင်ပိုင်နိုင်နိုင် အသုံးပြုနိုင်မှု၊ ရဲဘော်တွေရဲ့ စစ်ရေးကျွမ်းကျင်မှုကြောင့် စစ်ကောင်စီတပ်ဖွဲ့တွေ သေဆုံးမှုများပြားတာပါ”ဟု CNDF ပြောရေးဆိုခွင့်ရှိသူ Salai Cung Ngai က မဇ္ဈိမကိုပြောသည်။

တိုက်ပွဲများအတွင်း စစ်ကောင်စီတပ်က ဘွာလ်သဲကျေးရွာမှ စိတ်ကျန်းမာရေးချို့ယွင်းသူ နှစ်ဦးအနက် အမျိုးသားတစ်ဦးကိုသတ်ဖြတ်ခဲ့ပြီး အမျိုးသမီးတစ်ဦးအား ဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြောင်း ဖော်ပြထား သည်။

၎င်းအပြင် စစ်ကောင်စီတပ်ဘက်ကပစ်ခတ်သော အမျိုးအမည်မသိ မီးကျည်ပုံစံလက်နက်ကြီးကြောင့် သီးဘွာလ်ကျေးရွာရှိ နေအိမ်သုံးလုံးမီးလောင်ကျွမ်းခဲ့ကြောင်းလည်း ဆိုသည်။

ဖြစ်ပွားခဲ့သော တိုက်ပွဲများကို CNDF နှင့်အတူ ZFU/PDF – Zoland၊ CDF – CDM Siyin၊ CJDC၊ MEDF၊ CDF – KKG တို့က ပူးပေါင်းတိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း ဆိုသည်။

တိုက်ပွဲအပြင်းအထန်ဖြစ်ပွားခဲ့သည့် သီးဘွာလ်ရွာအနီးတွင် လတ်တလောအားဖြင့် အခြေအနေအေးဆေး နေသော်လည်း အချိန်မရွေးထိတွေ့မှုရှိနိုင်ကြောင်း Salai Cung Ngai က ဆက်လက်ပြောဆိုသည်။

မြန်မာနိုင်ငံတွင် စစ်ကောင်စီတပ်ကအာဏာသိမ်းယူခဲ့ပြီး ချင်းအမျိုးသားအဖွဲ့ချုပ်(CNO)၊ ချင်းအမျိုးသား ကာကွယ်ရေးတပ်ဖွဲ့(CNDF)ကိုဖွဲ့စည်းခဲ့ကာ ချင်းပြည်နယ်၊ ဖလမ်းမြို့နယ်အတွင်း အုပ်ချုပ်ရေး၊ စစ်ရေး၊ ကျန်းမာရေး၊ ပညာရေးများကို ဆောင်ရွက်လျက်ရှိပြီး စစ်ကောင်စီတပ်စခန်းရှိသော အနီးတဝိုက်မှလွဲ၍ နယ်မြေ ၈၀ ရာနှုန်းခန့်ကို စိုးမိုးထားနိုင်ကြောင်း သိရသည်။

ဧပြီလ ၁၃ရက်၊ ၂၀၂၁ ခုနှစ်၊ CNO/CNDF စတင်တည်ထောင်ပြီးနောက်ပိုင်း စစ်ကောင်စီနှင့် ဖြစ်ပွားခဲ့ သောတိုက်ပွဲများအတွင်း တိုင်းပြည်နှင့် လူမျိုးအတွက် သူရဲကောင်း ၂၄ ဦး အသက်စွန့်လွှတ်ခဲ့ရပြီး ကိုယ် လက်အင်္ဂါစွန့်လွှတ်ခဲ့ရသူ ၁၆ ဦး ရှိကြောင်း သိရှိရသည်။

https://www.mizzimaburmese.com/article/119955

---------------------------------------------------------------------------------------------------

## မောင်တော နယ်ခြားစောင့်စခန်းကို စစ်တပ်အင်အား ၂၀၀ ကျော်တိုးချ၊ တိုက်ပွဲပြန်ဖြစ်မည်ကို ဒေသခံများစိုးရိမ်

Published By DVB | 1 December, 2022

ရခိုင်ပြည်နယ်၊ မောင်တောမြို့နယ် မြောက်ပိုင်း၊ မင်းကြီးကျေးရွာ ဝက်ကျိန်းဘုရားသွားလမ်းမှာ တည်ရှိတဲ့ နယ်ခြားစောင့်စခန်းဟောင်းကို ဒီဇင်ဘာ ၁ ရက် ဒီနေ့မနက်က စစ်ကောင်စီတပ် အင်အား ၂၀၀ လောက် နေရာယူလာတဲ့အတွက် တိုက်ပွဲတွေ ပြန်ဖြစ်လာမှာကို စိုးရိမ်နေကြတယ်လို့ ဒေသခံတွေက ပြောပါတယ်။

မင်းကြီးကျေးရွာ ဒေသခံတဦးက "ဒီနေ့မနက် ၇ နာရီလောက်မှာ ဝက်ကျိန်းဘုရားသွား လမ်းက နယ်ခြားစောင့်စခန်းဟောင်းနေရာကို စစ်တပ်အင်အား ၂၀၀ လောက် တက်သွားကြတယ်။ နှစ်ဖက် ထိတွေ့တိုက်ပွဲ ပြန်ဖြစ်မလားဆိုပြီး ရွာသူ ရွာသားတွေ စိုးရိမ်နေကြတာပါ" လို့ ပြောပါတယ်။

မင်းကြီးကျေးရွာ ဝက်ကျိန်းဘုရားသွားလမ်းမှာ တည်ရှိတဲ့ နယ်ခြားစောင့်စခန်းဟာ စစ်တပ်နဲ့ အေအေတို့ တိုက်ပွဲတွေကြောင့် စခန်းနောက်ဆုတ်သွားပြီး လစ်လပ်နေတဲ့ တပ်စခန်းတခု ဖြစ်ပါတယ်။

မောင်တောမြို့နယ်မှ စစ်ရေးလေ့လာသူတဦးက "အေအေ တိုက်ယူထားတဲ့ နယ်ခြားစခန်းတချို့မှာ စစ်ကောင်စီတပ်တွေ ပြန်လည်နေရာချနေကြတာတွေရှိတယ်။ အများစုမှာတော့ ပြန်မချနိုင်ကြသေးဘူး" လို့ ပြောပါတယ်။

စစ်ကောင်စီ ပြန်လည်နေရာချထားတဲ့ စခန်းတွေမှာ လိမ်ရ၊ ရန်အောင်ပြင်၊ ဝက်ကျိန်း၊ မင်းကြီးရွာ၊ ဂုပ္ပိမေယုတောင်ကျော်လမ်း ကာကင်းစခန်း၊ မီးတိုင်စခန်းတွေဖြစ်ပြီး နံသာတောင်၊ ကွမ်းသီးပင် စတဲ့စခန်းတွေနဲ့ BP ၄၀ မှ ၅၃ အထိ စခန်းတွေမှာ ပြန်လည်နေရာချထားတာ မပြုနိုင်သေးကြောင်း ဒေသခံတွေဆီက သိရပါတယ်။

ပြည်သူလူထုတွေရဲ့ လက်ရှိဖြစ်ပေါ်နေတဲ့ အကျပ်အတည်းတွေကို ရှေးရှုပြီး ဂျပန်အစိုးရရဲ့ အထူးကိုယ်စားလှယ် နိပ္ပွန်ဖောင်ဒေးရှင်းဥက္ကဋ္ဌ မစ္စတာ ဆာဆာကာဝါရဲ့ ကြားဝင်ညှိနှိုင်းမှုကြောင့် နိုဝင်ဘာလ ၂၆ ရက်နေ့မှာ စစ်ကောင်စီတပ်နဲ့ ရက္ခိုင့်တပ်တော် (အေအေ) တို့ အပစ်အခတ် ရပ်စဲထားကြပါတယ်။

ဒါပေမဲ့လည်း နှစ်ဖက် တပ်အသီးသီးဟာ လက်ရှိ ရှိနေတဲ့ နေရာတွေမှာသာ ရှိနေကြပြီး စစ်ကောင်စီဘက်က အင်အားတိုးချ ထိုးစစ်ဆင်လာပါက အချိန်မရွေး တိုက်ပွဲတွေ ပြန်ဖြစ်လာနိုင်တယ်လို့ အေအေ ပြောခွင့်ရ ခိုင်သုခက နိုဝင်ဘာ ၂၈ ရက် သတင်းစာရှင်းလင်းပွဲမှာ ပြောပါတယ်။

https://burmese.dvb.no/archives/566636

------------------------------------------------------------------------------------------------

## ရခိုင်မှာ နှစ်ဘက်အပစ်ရပ်ပြီးနောက် ပြန်ဖွင့်ထားတဲ့လမ်းကို စစ်ကောင်စီကပြန်ပိတ်

RFA Burmese | 2022.12.01



စစ်တွေ-ပုဏ္ဏားကျွန်း ကားလမ်းတစ်နေရာအား တွေ့ရစဉ်။ Photo: RFA

ရခိုင်ပြည်နယ်မှာ စစ်ကောင်စီတပ်နဲ့ ရက္ခိုင့်တပ်တော် (AA) တို့ လူသားချင်းစာနာမှုဆိုင်ရာ ယာယီအပစ်အခတ် ရပ်စဲလိုက်ပြီးနောက် နိုဝင်ဘာ ၂၈ ရက်နေ့က ပြန်ဖွင့်ပေးခဲ့တဲ့ ရေချမ်းပြင် - အငူမော် ဆိပ်ကမ်းကို စစ်ကောင်စီတပ်က ဒီဇင်ဘာလ ၁ ရက် ဒီနေ့မှာပဲ ပြန်ပိတ်လိုက်တယ်လို့ ဒေသခံတွေက RFA ကို ပြောပါတယ်။

ရေချမ်းပြင်မှာရှိတဲ့ စစ်ကောင်စီတပ်က ကူးတို့စက်လှေတွေကို ဖြတ်သန်းသွားလာခွင့် မပေးတော့တာလို့ လုံခြုံရေးအရ အမည်မဖော်လိုတဲ့ ဒေသခံတစ်ဦးက ပြောပါတယ်။

**“အရင်က အဲဒီလမ်းကို စည်ပင်ကနေ ပိတ်တာပေါ့နော်။ အခုတိုက်ပွဲ ရပ်လိုက်တော့ စည်ပင်ကလည်း တရားဝင်စာထုတ်ပေးတယ်။ ဒါပေမဲ့ ဒီကနေ့ အဲဒီ ရေချမ်းပြင် စစ်တပ်က သွားခွင့်မပေးတော့တာ။ အဲဒီလမ်းကြောင်းက ရသေ့တောင်မြို့နယ် ဒေသခံတွေအတွက် တော်တော်လေးအရေးပါတဲ့လမ်းပါ”**

အောက်ခြေမှာရှိတဲ့ စစ်ကောင်စီတပ်နဲ့ ရက္ခိုင့်တပ်တော် (AA) တပ်ဖွဲ့ဝင်တွေအကြား အခြေအနေတင်းမာမှုကြောင့် လမ်းကြောင်းကိုပြန်ပိတ်လိုက်တာလို့ ဒေသခံအချို့က ပြောဆိုကြပေမယ့် ဒီအချက်နဲ့ပတ်သက်လို့ RFA အနေနဲ့ သီးခြားအတည်ပြုနိုင်ခြင်း မရှိသေးပါဘူး။

ရေချမ်းပြင် - အငူမော်လမ်းကို ပိတ်လိုက်တဲ့အတွက်ကြောင့် ဒေသခံတွေဟာ တိုက်ပွဲ ကာလတုန်းကလိုပဲ သွားလာရေးတွေ၊ ကုန်စည်ပို့ဆောင်ရေးတွေ ဆက်လက်ခက်ခဲ နေဆဲဖြစ်တယ်လို့လည်း ဆိုပါတယ်။

စစ်တွေမြို့နယ် ရေချမ်းပြင်နဲ့ ရသေ့တောင်မြို့နယ် အငူမော်ဆိပ်ကမ်းဟာ ရသေ့တောင်၊ ဘူးသီးတောင်၊ မောင်တော ဒေသတွေအတွက် အဓိကအရေးပါတဲ့ လမ်းကြောင်းတစ်ခုဖြစ် ပါတယ်။

အလားတူပဲ စစ်ကောင်စီတပ်ဟာ တိုက်ပွဲရပ်လိုက်ပေမယ့် စစ်တွေ-ပုဏ္ဏားကျွန်းကားလမ်း၊ ပုဏ္ဏားကျွန်း-ရသေ့တောင်ကားလမ်းနဲ့ ကုန်းလမ်းတချို့ကို စစ်ကောင်စီတပ်က ဒီနေ့အထိ ပိတ်ပင်ထားဆဲဖြစ်တယ်လို့ ဒေသခံတွေက RFA ကို ပြောပါတယ်။

စစ်တွေမြို့အဝင်အထွက်ဖြစ်တဲ့ စစ်ကောင်စီတပ်ထိန်းဂိတ်ကို ဒီကနေ့မှာ ဖြတ်သွားခွင့်ပေးပေမယ့် ပုဏ္ဏားကျွန်းမြို့နယ်အထိ သွားလာလို့မရသေးသလို ပြီးခဲ့တဲ့ ဩဂုတ်လကတည်းက ပိတ်ပင်ထားတဲ့ ပုဏ္ဏားကျွန်း-ရသေ့တောင်ကားလမ်းကိုလည်း ဒီကနေ့အထိ ဖွင့်မပေးသေးဘူးလို့လည်း ဆိုပါတယ်။

စစ်ကောင်စီတပ်နဲ့ ရက္ခိုင့်တပ်တော် (AA) တို့ဟာ ဂျပန်နိုင်ငံ နီပွန်ဖောင်ဒေးရှင်းဥက္ကဋ္ဌ မစ္စတာဆာဆာကာဝါရဲ့ ကြားဝင်ဆောင်ရွက်မှုနဲ့ ပြီးခဲ့တဲ့ ရက်ပိုင်းကပဲ အပစ်အခတ် ရပ်စဲလိုက်တာဖြစ်ပါတယ်။

ရခိုင်ပြည်သူတွေ စစ်ဘေးကြောင့် ခံစားနေရတဲ့ အခက်အခဲ၊ အကျပ်အတည်းတွေကို ရှေးရှုပြီးတော့ စစ်ကောင်စီတပ်နဲ့ သူသားချင်းစာနာမှုဆိုင်တာ ယာယီအပစ်အခတ်ရပ်စဲခဲ့ တာလို့ ရက္ခိုင့်တပ်တော် (AA) ပြောခွင့်ရ ဦးခိုင်သုခက နိုဝင်ဘာ ၂၈ ရက်နေ့က ပြုလုပ်တဲ့ အွင်လိုင်းကနေ သတင်းစာရှင်းလင်းပွဲမှာ ပြောဆိုထားပါတယ်။

စစ်ကောင်စီတပ်က ကုန်းလမ်း၊ ရေးလမ်းပိတ်ဆို့မှုတွေ၊ ဆေးဝါးနဲ့ စားနပ်ရိက္ခာပြတ်လတ်မှု အခက်အခဲနဲ့ ရင်ဆိုင်နေကြရသလို တောင်သူလယ်သမားတွေ စပါးရိပ်သိမ်းဖို့ အရေးတကြီး လိုအပ်နေတာကြောင့်လို့လည်း ဆိုပါတယ်။

ရခိုင်မှာ အပစ်အခတ်ရပ်စဲကြောင်း နှစ်ဖက်လုံး တရားဝင်ပြောဆိုပြီးနောက်ပိုင်း နိုဝင်ဘာ ၂၈ ရက်နေ့မှာတော့ ကာလရှည်ကြာပိတ်ထားခဲ့တဲ့ ရခိုင်ပြည်နယ်မြောက်ပိုင်းက ရေလမ်းကြောင်းတွေကို စစ်ကောင်စီတပ်က ပြန်ဖွင့်ပေခဲ့ပါတယ်။ ဒါပေမဲ့ အဲဒီကုန်းလမ်း တချို့ကိုတော့ အခုအထိပိတ်ပင်ထားဆဲဖြစ်ပါတယ်။

အခုလို ကုန်လမ်းတချို့ကို စစ်ကောင်စီတပ်က ပိတ်ပင်ထားတာနဲ့ပတ်သက်လို့ ရခိုင်ပြည်နယ် စစ်ကောင်စီ ပြောခွင့်ရ ပြည်နယ်ဥပဒေချုပ် ဦးလှသိန်းကို RFA က တယ်လီဖုန်းနဲ့ ဆက်သွယ်မေးမြန်းခဲ့ပေမယ့် ဖုန်းလက်ခံဖြေကြားတာ မရှိပါဘူး။

စစ်ကောင်စီတပ်နဲ့ ရက္ခိုင့်တပ်တော် (AA) တို့ဟာ ပြီးခဲ့တဲ့ ၂၀၂၂ခုနှစ် ဇူလိုင်လအတွင်းမှာ မောင်တောမြို့နယ် မြောက်ပိုင်းကစလို့ တစ်ကျော့ပြန်တိုက်ပွဲတွေ ပြင်းထန်လာခဲ့တာ ဖြစ်ပြီး လေးလကျော်အကြာမှာပဲ အပစ်အခတ်ရပ်စဲခဲ့တာဖြစ်ပါတယ်။

https://www.rfa.org/burmese/news/road-was-closed-again-in-rakhine-12012022001335.html

------------------------------------------------------------------------------------------------

## စစ်တွေ-မြောက်ဦး ရေကြောင်းလမ်းကို စစ်ကောင်စီပြန်ဖွင့်ပေး

Published By lusane | 1 December, 2022



၃ လနီးပါးကြာ ပိတ်ထားတဲ့ စစ်တွေ-မြောက်ဦး ရေကြောင်းလမ်းကို ဒီဇင်ဘာ ၃ ရက်နေ့က စတင်ပြီး စစ်ကောင်စီက ပြန်လည်ပြေးဆွဲခွင့် ပြုလိုက်ပြီလို့ ရေကြောင်းလိုင်း တာဝန်ရှိသူတွေက ပြောပါတယ်။

နိုဝင်ဘာလ ၂၆ ရက်နေ့ကတည်းက စစ်ကောင်စီနဲ့ ရက္ခိုင့်တပ်တော်(အေအေ) တို့အကြား နှစ်ဖက်အပြန်အလှန်အပစ်ခတ် ရပ်စဲလိုက်ကြပြီးနောက် စစ်ကောင်စီက ရေကြောင်းလမ်းတချို့နဲ့ ကုန်းလမ်းတချို့တို့ကို ပြန်လည်ဖွင့်ပေးလာခြင်းဖြစ်ပါတယ်။

စစ်တွေ-မြောက်ဦး ရေကြောင်းလမ်းကို ဒီဇင်ဘာ ၃ ရက်နေ့မှာ ပြန်လည်ပြေးဆွဲဖို့ အစိုးရဘက်က အကြောင်းကြားလာတာကြောင့် စတင်ထွက်ခွာတော့မယ်လို့ ရွှေပြည်တန်အထူးရေယာဉ်ရဲ့ မန်နေဂျာ ဦးစံမော်သိန်းက ပြောပါတယ်။

"စစ်တွေ-မြောက်ဦး ရေလမ်းကြောင်းကို ဒီဇင်ဘာလ ၃ ရက်နေ့က စပြီး ပြေးဆွဲခွင့်ရပြီလို့ ကျနော့်ဆီကို အကြောင်းလာပါတယ်။ စစ်ပွဲကာလတုန်းက ပိတ်ပင်ခဲ့တဲ့ ရေကြောင်းလမ်း ၃ ခုလုံးကို ပြန်လည်ပြေးဆွဲခွင့်ပြုလိုက်ပြီ။ ကျနော်တို့ဆီကို အကြောင်းကြားလာတဲ့ အထဲမှာတော့ ကန့်သတ်ချက်ဆိုတော့ ပါလာတာမရှိဘူး။ ကျနော်တို့ကလည်း အဓိက ခရီးသည်တွေကိုပဲ တင်ဆောင်နေတာဖြစ်ပါတယ်။"

စစ်တွေ၊ ဘူးသီးတောင်၊ ရသေ့တောင် ရေလမ်းကြောင်းနဲ့ စစ်တွေ၊ မြောက်ဦး ရေကြောင်းလမ်းတို့ကို စက်တင်ဘာလကတည်းက စစ်ကောင်စီက ပိတ်ပင်ခဲ့ပြီး စစ်တွေ၊ ပေါက်တော၊ မင်းပြား ရေလမ်းကြောင်းကိုလည်း အောက်တိုဘာ ၁၉ ရက်နေ့မှာ ပိတ်ပင်လိုက်တာဖြစ်ပါတယ်။

အခုလို ၃ လ နီးပါးကြာပိတ်ပင်ထားတဲ့ ရေကြောင်းလမ်းကို ဖွင့်ပေးလိုက်တာက မြောက်ဦးမြို့နယ်သားတွေအတွက် ကျန်းမာရေး၊ လူမှုရေးနဲ့ ကုန်စည်စီးဆင်းအတွက် အများကြီး အထောက်အကူပြုတယ်လို့ မြောက်ဦးမြို့ခံတဦးဖြစ်တဲ့ ကိုသန်းနိုင်က ပြောပါတယ်။

"ရွှေပြည်တန် ရေကြောင်းလိုင်းကို ပြန်လည်ပြေးဆွဲတာတွေ ရပြီဆိုတော့ ကျနော်တို့မြို့နယ်က လူတွေရဲ့ ကျန်းမာရေး၊ လူမှုရေးနဲ့ ကုန်စည်စီးဆင်းမှုက အစတော်တော်လည်းကို အဆင်ပြေသွားကြတာပေါ့ဗျာ။ ကျနော်တို့မှာ စစ်တွေ တခေါက်သွားဖို့ဆိုရင် ကားလမ်းကလည်း ပိတ်ထား၊ ရေကြောင်းလမ်းကလည်းပိတ်ထားတော့ မင်းပြား ပေါက်တောမြို့နယ်တွေဘက်က ပတ်ပြီးသွားနေရတော့ ကုန်ကျစရိတ်က ၃ ဆလောက်အထိ ကုန်ကျနေကြရတယ်။ အခုက တိုက်ရိုက် သွားခွင့်ရတယ်ဆိုရင်တော့ ကုန်ကျစရိတ်ရော၊ လမ်းကြောင်းကရော ပိုသက်သာပြီး ပိုအဆင်ပြေသွားတယ်" လို့ ပြောပါတယ်။

စစ်ကောင်စီက ရခိုင်ပြည်နယ်မှာ ကုန်ကြောင်းလမ်းတွေနဲ့ ရေကြောင်းလမ်းတွေကို ဩဂုတ်လ ကတည်းက ပိတ်ပင်ထားခဲ့တာဖြစ်ပြီး နှစ်ဖက်အပစ်အခတ်ရပ်စဲပြီးနောက် ပြန်လည်ပြေးဆွဲခွင့်ပြုလာတာဖြစ်ပါတယ်။

ရခိုင်ပြည်နယ်မှာ စစ်ကောင်စီနဲ့ အေအေတို့ကြား တကျော့ပြန် ၄ လကျော်ကြာ တိုက်ပွဲပြင်းထန်လာပြီး နိုဝင်ဘာ ၂၇ ရက်နေ့မှာ နှစ်ဖက်စလုံးက အပစ်အခတ်ရပ်စဲလိုက်ကြတယ်လို့ ထုတ်ဖော်ပြောဆိုထားကြပါတယ်။

ရခိုင်ပြည်နယ်မှာ စစ်ကောင်စီက ကုန်းလမ်း ရေလမ်းတစ်ချို့ကို ပြန်လည်ဖွင့်ပေးပေမဲ့ စစ်တွေ-ပုဏ္ဏားကျွန်း ကားလမ်းအပါဝင် မောင်တော-အင္ဂူမော်ကားလမ်းနဲ့ ကျောက်တော် ပလက်ဝ ရေကြောင်းလမ်းတွေကို ပိတ်ပင်ထားဆဲဖြစ်ပါတယ်။

https://burmese.dvb.no/archives/566696

------------------------------------------------------------------------------------------------------

**စစ်အာဏာသိမ်း ၂၂ လအတွင်း မိုးဗြဲ၊ ဖယ်ခုံနဲ့ ကယားပြည်နယ်မှာ အရပ်သား ၄၀၀ သေဆုံး**

RFA Burmese | 2022.12.01



ကယားပြည်နယ်၊ လွိုင်ကော်မြို့နယ်၊ ကုန်းဆွတ်ကျေးရွာမှာ လက်နက်ကြီးကျည်ကျလို့ ဒဏ်ရာရသူအား ပရဟိတအဖွဲ့မှ ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက်နေ့က ဆေးရုံကို ပို့ဆောင်ပေးနေစဉ်။ ရွှေလွိုင်ကော် ပရဟိတ

ရှမ်းပြည်နယ်တောင်ပိုင်း မိုးဗြဲ၊ ဖယ်ခုံမြို့နယ်နဲ့ ကယားပြည်နယ်အတွင်းမှာ စစ်တပ်က အာဏာသိမ်းခဲ့တဲ့ ၂၀၂၁

ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ကနေ ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်နေ့အထိ ၂၂ လတာကာလအတွင်း အရပ်သား ၄၀၀ သေဆုံးခဲ့တယ်လို့ တိုးတက်သော ကရင်နီပြည်သူ့အင်အားစု PKPF က ဒီဇင်ဘာလ ၁ ရက်၊ ဒီနေ့သတင်း ထုတ်ပြန်ပါတယ်။

သေဆုံးသူတွေထဲမှာ စစ်တပ်က ဖမ်းဆီးသတ်ဖြတ်တာခံရတာ၊ လေကြောင်းကနေ တိုက်ခိုက်တာ၊ မိုင်းနဲ့လက်နက်ကြီးကျည်ကြောင့် သေဆုံးရသူပေါင်း ၂၈၄ ဦး ရှိခဲ့တယ်လို့ PKPF တာဝန်ရှိသူတစ်ဦးက RFA ကို ပြောပါတယ်။

**"စစ်ရှောင်ရင်း သေဆုံးသူကျတော့ သုံးမျိုးရှိတယ်။ တချို့က စစ်ရှောင်စခန်းမှာ ဆေးဝါးမလုံလောက်လို့ မသေသင့်ဘဲသေရတာမျိုးပေါ့၊ နောက်တစ်မျိုးက စစ်ကောင်စီ က လေကြောင်းကနေ စစ်ရှောင်စခန်းတွေကို တိုက်ခိုက်တာရယ်၊ လက်နက်ကြီးတွေနဲ့ ပစ်တာမျိုးပေါ့၊ ကျနော်တို့ အဲလိုတော့ ခွဲခြား မှတ်တမ်းတင်ထားတယ်"**

စစ်ဘေးတိမ်းရှောင်ရင်း သေဆုံးရသူကတော့ ၁၁၆ ဦး ရှိခဲ့တယ်လို့ သူကပြောပါတယ်။

အာဏာသိမ်း ၂၂ လတာကာလအတွင်းမှာ စစ်ကောင်စီနဲ့ ကရင်နီပြည်သူ့ကာကွယ်ရေး ပူးပေါင်းတပ်ဖွဲ့တွေကြား တိုက်ပွဲပေါင်း ၅၄၅ ကြိမ်ဖြစ်ခဲ့ပြီး ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ ဝင်ပေါင်း ၁၈၄ ဦး သေဆုံးခဲ့တယ်လို့ ဆိုပါတယ်။

စစ်ကောင်စီတပ်ဖွဲ့ဘက်ကတော့ ၁၆၅၆ ဦး သေဆုံးခဲ့တယ်လို့ ထုတ်ပြန်ချက်မှာ ဖော်ပြထားပေမယ့် RFA အနေနဲ့ သီးခြား အတည်ပြုနိုင်တာမရှိပါဘူး။

စစ်ကောင်စီတပ်ဘက်က လေကြောင်းတိုက်ခိုက်မှု ၁၇၃ ကြိမ် ပြုလုပ်ခဲ့ပြီး လေကြောင်းနဲ့ လက်နက်ကြီးဒဏ်ကြောင့် ဘာသာရေးအဆောက်အအုံ ၂၇ ခုနဲ့ နေအိမ် ၁၂၈၃ လုံး ပျက်စီးခဲ့ တယ်လို့ ထုတ်ပြန်ချက်မှာ ဖော်ပြပါတယ်။

စစ်ကောင်စီက ဖမ်းဆီးတာကို ခံထားရသူပေါင်း ၂၇၈ ဦးရှိပြီး အဲဒီထဲမှာ ကိုးဦးသာ ပြန်လည်လွတ်မြောက်တယ်လို့ ဆိုပါတယ်။

PKPF တပ်ဖွဲ့ရဲ့ ထုတ်ပြန်ချက်နဲ့ပတ်သက်လို့ စစ်ကောင်စီရဲ့ သဘောထားကို သိနိုင်ဖို့ စစ်ကောင်စီရဲ့ ကယားပြည်နယ် ပြောခွင့်ရသူ လူမှုရေးဝန်ကြီး ဦးအောင်ဝင်းဦးကို RFA က ဒီနေ့ ညနေပိုင်းမှာ ဖုန်းနဲ့ ဆက်သွယ်မေးမြန်းခဲ့ပေမယ့် ဖုန်းလက်ခံဖြေဆိုတာ မရှိပါဘူး။

https://www.rfa.org/burmese/news/death-in-shan-and-kayah-12012022054448.html

----------------------------------------------------------------------------------------------------

## MNDAA နှင့် တိုက်ပွဲအတွင်း စစ်ကောင်စီတပ် အသေအဆုံးများ

By ဧရာဝတီ | 1 December 2022

ကိုးကန့်တပ်ဖွဲ့ဟု လူသိများသည့် မြန်မာအမျိုးသား ဒီမိုကရက်တစ်မဟာမိတ်တပ် (MNDAA) နှင့် အာဏာသိမ်း စစ်ကောင်စီတပ် တို့ကြား ဖြစ်ပွားသည့် တိုက်ပွဲအတွင်း စစ်ကောင်စီ တပ်ဖွဲ့ဝင် ၅၀ ကျော် သေဆုံးကြောင်း MNDAA က ဧရာဝတီကို ပြောသည်။

စစ်ကောင်စီတပ်နှင့် MNDAA တို့ကြား ပြီးခဲ့သည့် နိုဝင်ဘာ ၂၇ ရက်မှ ၃၀ ရက်ထိ ရှမ်းပြည်နယ် မြောက်ပိုင်း ချင်းရွှေဟော်မြို့ မြောက်ဘက်တွင် တိုက်ပွဲများ ဆက်တိုက် ဖြစ်နေခြင်း ဖြစ်သည်။

MNDAA ပြန်ကြားရေးဌာန က “ကျနော်တို့ လေ့လာတွေ့ရှိချက်အရ မြန်မာစစ်တပ်ဟာ MNDAA တပ်တွေကို တိုက်ခိုက်ဖို့ အခွင့်အလမ်းကို စောင့်မျှော်နေတာပါ။ တိုက်ပွဲမှာ MNDAA မဟာမိတ် တပ်မတော်ဘက်က ထိခိုက်ကျဆုံးမှု မရှိပါ။ မြန်မာစစ်တပ်ဘက်က အသေအပျောက် ၅၀ ကျော် ရှိခဲ့ပါတယ်” ဟု ဆိုသည်။

တိုက်ပွဲအတွင်း စစ်ကောင်စီ တပ်ဖွဲ့ဝင်များ သေဆုံးမှုတွင် တပ်ရင်းမှူး ၁ ဦးနှင့် တပ်ခွဲမှူး ၂ ဦး ပါဝင်ကြောင်း MNDAA ဘက်က ဆိုသော်လည်း စစ်ကောင်စီတပ်သားများ သေဆုံးမှု အရေအတွက်နှင့် တပ်ရင်းမှူး သေဆုံးမှု အခြေအနေကို ဧရာဝတီက သီးခြားအတည်ပြုနိုင်ခြင်း မရှိသေးပေ။

အဆိုပါ တိုက်ပွဲများနှင့် ပတ်သက်၍ စစ်ကောင်စီဘက်ကလည်း သတင်းထုတ်ပြန်ခြင်း မရှိသေးပေ။

စစ်ကောင်စီတပ်သည် သံလွင်မြစ်အရှေ့ဘက် တရုတ်-မြန်မာ နယ်စပ်မြို့ ဖြစ်သည့် ချင်းရွှေဟော်တွင် အင်အား ၅၀၀ ခန့် စုစည်းပြီးနောက် MNDAA တပ်ဖွဲ့ဝင်များ အခြေစိုက်ရာ နမ့်ဖာတောင်သို့ စစ်ကြောင်းထိုး တိုက်ခိုက်လာခြင်းဖြစ်ကြောင်း MNDAA ပြန်ကြားရေးဌာနက ပြောသည်။

နမ့်ဖာတောင်သည် လောက်ကိုင်မြို့တောင်ဘက်ရှိ လုံထန်ရွာနှင့် ချင်းရွှေဟောင်မြို့ကြားက တောင်တန်းဟု စစ်ရေး လေ့လာသူများက ပြောဆိုသည်။



MNDAA နှင့် တိုက်ပွဲတွင် သေဆုံးခဲ့သည့် စစ်ကောင်စီတပ်များ /The Kokang

MNDAA ပြန်ကြားရေးဌာနကမူ စစ်ကောင်စီတပ်သည် ၎င်းတို့ လက်အောက်ခံ ကိုးကန့်နယ်ခြား စောင့်တပ် (BGF) များနှင့် ပူးပေါင်းကာ MNDAA ၏ နမ့်ဖာတောင်ခံတပ်သို့ မြောက်ဘက်နှင့် တောင်ဘက်မှ စစ်ကြောင်းထိုး တိုက်ခိုက်ခဲ့သည်ဟု ဆိုသည်။

ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် အခြေစိုက်ထားသည့် ကိုးကန့်နယ်ခြားစောင့်တပ်ကို စစ်ကောင်စီ၏ မဟာမိတ် ဖြစ်သည့် ကိုးကန့်လုပ်ငန်းရှင် လျူကျန်ရှောင်က ကွပ်ကဲလျက် ရှိသည်။

နိုဝင်ဘာ ၂၉ ရက်တွင် စစ်ကောင်စီတပ်နှင့် ကိုးကန့်နယ်ခြားစောင့်တပ်ဖွဲ့ဝင်များသည် နမ့်ဖာတောင်ခံတပ်ကို မြောက်ဘက်နှင့် တောင်ဘက်မှ တိုက်ခိုက်ခဲ့သည့်အပြင် အင်အား ၆၀ ခန့် ပါသည့် ရှေ့ပြေးတပ်ဖွဲ့ဖြင့်လည်း အလယ်မှ ကြားဖြတ် တိုက်ခိုက်လာခဲ့ကြောင်း MNDAA က ဆိုသည်။

MNDAA သည် စစ်ကောင်စီ တပ်ဖွဲ့ဝင်များကို ခံတပ်နှင့် မီတာ ၂၀၀ အကွာအဝေးထိ ရှေ့တက်မလာရန် ထိန်းထားနိုင်ကြောင်း MNDAA ပြန်ကြားရေးဌာနက ပြောသည်။



MNDAA နှင့် တိုက်ပွဲတွင် သေဆုံးခဲ့သည့် စစ်ကောင်စီတပ်များ /The Kokang

နိုဝင်ဘာ ၃၀ ရက်တွင် MNDAA တပ်ဖွဲ့ဝင်များသည် စစ်ကောင်စီတပ်နှင့် ကိုးကန့် (BGF) တို့၏ နောက်တန်း အခြေချ နေရာ ၂ ခုအား လျှပ်တပြက် သွားရောက် ပစ်ခတ်တိုက်ခိုက်ပြီး ပြန်လည် ဆုတ်ခွာခဲ့ကြောင်း သိရသည်။

ယနေ့ (ဒီဇင်ဘာ ၁ ရက်) နံနက် ၁၁ နာရီ မိနစ် ၄၀ ခန့်ကလည်း စစ်ကောင်စီ တပ်ဖွဲ့ဝင်များနှင့် MNDAA တပ်ဖွဲ့ဝင်များကြား ထိတွေ့တိုက်ပွဲ ဖြစ်ပွားခဲ့သေးပြီး လက်ရှိတွင် နှစ်ဖက်စစ်ရေးတင်းမာနေကြောင်း MNDAA ဘက်က ပြောသည်။

အာဏာသိမ်း စစ်ကောင်စီတပ်သည် မတ်လ ၁ ရက်မှ ဒီဇင်ဘာ ၃၁ ရက်ထိ တိုင်းရင်းသား လက်နက်ကိုင်တပ်ဖွဲ့များနှင့် အပစ်အခတ်ရပ်စဲကြောင်း ကြေညာထားသော်လည်း MNDAA တပ်ဖွဲ့ဝင်များကို ထိုးစစ်ဆင်လာသဖြင့် စစ်ကောင်စီ၏ ငြိမ်းချမ်းရေးသည် လက်တွေ့တွင် ယုံကြည်၍ မရကြောင်း MNDAA ဘက်က ဆိုသည်။

မြန်မာနိုင်ငံအခြေစိုက် စစ်ရေးလေ့လာသူတဦးကမူ မြန်မာစစ်ကောင်စီနှင့် MNDAA တို့သည် သံလွင်မြစ်အနောက်ခြမ်း မုံးကိုးဒေသတွင် တိုက်ပွဲများ ဖြစ်ပြီးနောက် နှစ်ဖက်လုံးက စစ်ပြင်ဆင်လာခဲ့ပြီး ယခုအခါ တိုက်ပွဲများ ပြန်ဖြစ်လာခြင်း ဖြစ်ကြောင်း ဆိုသည်။



MNDAA နှင့် တိုက်ပွဲတွင် သေဆုံးခဲ့သည့် စစ်ကောင်စီတပ်များ /The Kokang

၎င်းက "လောလောဆယ်တော့ ကိုးကန့်နဲ့ စစ်တပ်က ပြန်တိုက်ကြမယ့် အခြေအနေ ရှိတယ်။ နှစ်ဖက်က စစ်ပြင်နေကြတယ်။ တိုက်ပွဲကတော့ ပိုပြင်းထန်လာမလားဆိုတာ ကြိုမှန်းရခက်ပါတယ်။ စောင့်ကြည့်ရဦးမယ်" ဟု ပြောသည်။

စစ်ကောင်စီတပ်နှင့် MNDAA တို့သည် ၂၀၂၁ ခုနှစ်မှ ၂၀၂၂ မတ်လဆန်းထိ သံလွင်မြစ်အနောက်ခြမ်း မုံးကိုးမြို့နယ်တွင် တိုက်ပွဲများ အပြင်းအထန် ဖြစ်ခဲ့ပြီးနောက် ယခုအခါ သံလွင်မြစ်အရှေ့ခြမ်း ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသထဲတွင် တိုက်ပွဲများ ဖြစ်လာခြင်း ဖြစ်သည်။

MNDAA သည် ကိုးကန့်ဒေသကို ပြန်လည် ထိုးဖောက်ဝင်ရောက်ရန် ရည်မှန်းထားပြီး ၂၀၂၂ အစောပိုင်းတွင် အမှတ် (၆၁၁) ဟု အမည်ရှိ တပ်မဟာအသစ်တခုကို ထပ်မံဖွဲ့စည်းထားကြောင်း သိရသည်။

https://burma.irrawaddy.com/news/2022/12/01/256381.html

--------------------------------------------------------------------------------------------------------

## ကိုးကန့်တိုက်ပွဲတွင် စစ်ကောင်စီတပ်က တပ်ရင်းမှူးအပါ အရာရှိစစ်သည် ၁၀ ဦးထက်မနည်း ထိခိုက်သေဆုံး

Published By DVB | 1 December, 2022



မြန်မာ- တရုတ်နှစ်နိုင်ငံနယ်စပ်၊ ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လောက်ကိုင်ခရိုင်၊ ချင်းရွှေဟော်နယ်မြေမှာ စစ်ကောင်စီတပ်နဲ့ မြန်မာအမျိုးသား ဒီမိုကရက်တစ်မဟာမိတ်တပ်(MNDAA) ကိုးကန့်တပ်တို့ တိုက်ပွဲဖြစ်ပြီး စစ်တပ်ဘက်က တပ်ရင်းမှူး ၁ ဦး၊ တပ်ခွဲမှူး ၂ ဦးအပါအဝင် အရာရှိစစ်သည် ၁၀ ဦးထက်မနည်း ထိခိုက်ဒဏ်ရာရသေဆုံးခဲ့တယ်လို့ ကိုးကန့်တပ်က သတင်းထုတ်ပြန်ပါတယ်။

စစ်ကောင်စီတပ်နဲ့ လက်အောက်ခံကိုးကန့်ဌာနေပြည်သူစစ်ပူးပေါင်းတပ်ဖွဲ့ဟာ အင်အား ၅၀၀ ကျော်နဲ့ ချင်းရွှေဟော်ဒေသ၊ နမ့်ဖာတောင်မှာ တပ်စွဲထားတဲ့ MNDAA ကိုးကန့်တပ်စခန်းကို နိုဝင်ဘာလ ၂၇ ရက်က စတင်ကာ

ထိုးစစ်ဆင်တိုက်ခိုက်နေလာတာကြောင့် နိုဝင်ဘာ ၂၉ ရက် ညနေပိုင်းထိတိုက်ပွဲတွေ ဆက်တိုက်ဖြစ်ပွားနေတာဖြပါတယ်။

အဆိုပါတိုက်ပွဲအတွင်း စစ်တပ်ဘက်က အရာရှိစစ်သည် ၁၈ ဦး ထက်မနည်းကျဆုံးကာ ထိုးစစ်အရှိန်ရပ်တန့်သွားခဲ့ပြီး ကျဆုံးစစ်သည်အလောင်းတွေကို စစ်မြေပြင်မှာ စွန့်ပစ်ထားခဲ့တယ်လို့ ကိုးကန့်တပ်က ဆိုပါတယ်။

စစ်ကောင်စီတပ်က MNDAAကိုးကန့်တပ်စခန်းကို ထိုးစစ်ဆင်တိုက်ခိုက်နေချိန် MNDAA ကိုးကန့်တပ်ကလည်း လောက်ကိုင်ခရိုင် တုံရှန်ဒေသ၊ ရာခုတ်ကိုင်၊ ပေါက်ပေါက်ကျိုက်နဲ့ ရှင်ကိုင်နယ်မြေတွေမှာရှိတဲ့ စစ်ကောင်စီစစ်ဆေးရေးဂိတ်တွေကို ရှောင် တခင်ထိုးစစ်ဆင် တိုက်ခိုက်ခဲ့တယ်လို့လည်း ထုတ်ပြန်ထားပါတယ်။

ကိုးကန့်ဒေသမှာ နှစ်ဖက်စစ်ရေးတင်းမာနေပြီး စစ်ကောင်စီတပ်က စစ်မြေပြင်နေရာတွ အင်အားစုစည်းတာတွေ ဆောင်ရွက်နေတယ်လို့လည်း ဖော်ပြထားပါတယ်။

ကိုးကန့်ဒေသ လောက်ကိုင်၊ ကုန်းကြမ်း၊ ချင်ရွှေဟော်၊ မော်ထိုက်၊ ဟုန်အိုင်၊ ခြင်မကိုင်၊ တာရွှေထန်၊ ရန်လုံကျိုင်း၊ လုံထန်ဒေသတွေမှာ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၉ ရက်က စတင်ကာ ကွယ်လွန်သွားပြီဖြစ်တဲ့ ကိုးကန့်ခေါင်းဆောင်ဖုန်ကြားရှင် ဦးဆောင်တဲ့ MNDAA ကိုးကန့်တပ်တွေနဲ့ စစ်ကောင်စီတပ်တို့ကြား တကျော့ပြန်တိုက်ပွဲတွေဖြစ်ပွားခဲ့ပါတယ်။

တိုက်ပွဲအတွင်း စစ်ကောင်စီတပ်ဘက်က အရာရှိစစ်သည် ရာနဲ့ချီပြီး သေဆုံးခဲ့သလို ကိုးကန့်တပ်ဘက်ကလည်း ထိခိုက်ကျဆုံးများပြားခဲ့ပါတယ်လို့ သတင်းရင်းမြစ်တွေကဆိုပါတယ်။

၂၀၁၅ ခုနှစ် ဖေဖော်ဝါရီက စတင်ခဲ့တဲ့ MNDAA ကိုးကန့်တပ်တွေနဲ့ စစ်ကောင်စီတပ်တွေကြား ဖြစ်ပွားနေတဲ့ တိုက်ပွဲတွေကြောင့် သိန်းနဲ့ချီတဲ့ ပြည်သူထုတွေ နေရပ်စွန့်ခွာထွက်ပြေးခဲ့ရပြီး သောင်းနဲ့ချီတဲ့ ဒေသခံတွေဟာ အိုးမဲ့အိမ်မဲ့ ဖြစ် ခဲ့ပါတယ်။

အခုလက်ရှိ ကိုးကန့်ဒေသမှာ ဒေသခံအများစု မိမိရပ်ရွာမှာ ပြန်လည်အခြေချနေထိုင်နေကြပေမဲ့ ထောင်နဲ့ချီတဲ့ ပြည်သူတွေကတော့ စစ်ရှောင်အိမ်ရာတွေမှာ နေထိုင်နေကြရဆဲဖြစ်ပါတယ်လို့ နယ်မြေခံတွေက ဆိုပါတယ်။

လက်ရှိအချိန်ထိလည်း MNDAA ကိုးကန့်တပ်နဲ့ စစ်ကောင်စီတပ်ကြား စစ်ရေးတင်းမာနေပြီး ကိုးကန့်ဒေသအပြင် ကွမ်းလုံ၊ သိန္နီ၊ ကွတ်ခိုင်၊ လားရှိုး၊ မူဆယ်၊ မုံးကိုး၊ မုံးပေါ်၊ မုံးစီနဲ့ ဖောင်းဆိုင်ဒေသတွေမှာ တိုက်ပွဲတွေ ဖြစ်ပွားခဲ့ပါတယ်။

လက်ရှိ တိုက်ပွဲအတွင်း နှစ်ဖက် ကျဆုံးထိခိုက်သူ အရေအတွက်ကိုတော့ ဒီဗွီဘီသတင်းဌာနအနေနဲ့ သီးခြားအတည်ပြုနိုင်ဖို့ စုံစမ်းနေဆဲဖြစ်ပါတယ်။

https://burmese.dvb.no/archives/566596

-----------------------------------------------------------------------------------------------

## သီပေါမြို့နယ် ကုန်းသာရွာအနီး စစ်သားများ ရှိနေဆဲ ရွာသားများ လယ်ဆင်းရန်ခက်ခဲ

By **SHAN** | December 1, 2022

သျှမ်းပြည်မြောက်ပိုင်း သီပေါမြို့နယ် ကုန်းသာကျေးရွာတွင် အာဏာသိမ်း စစ်ကောင်စီ တပ်သားများရှိနေသည့်အတွက် ရွာသားများက လယ်ဆင်းရန် ခက်ခဲနေကြောင်း သတင်းသိရသည်။




လက်နက်ကြီး

စစ်ကောင်စီ တပ်ဖွဲ့နှင့် ရှမ်းပြည်ပြန်လည်ထူထောင်ရေး ကောင်စီ၊ ရှမ်းပြည်တပ်မတော် SSPP/SSA တို့ တိုက်ပွဲ ဖြစ်ပွားရာ ကုန်းသာရွာတွင် ရွာသားများက ၄ ရက်ကြာ စစ်ဘေးတိမ်းရှောင်ခဲ့ပြီး နေရပ်သို့ ပြန်လာသော်လည်း ယနေ့အချိန်အထိ စစ်ကောင်စီ တပ်သားတို့က ရွာထဲနေရာယူထားကြောင်း ဒေသခံများက ပြောသည်။

“ကျမတို့ ရွာထဲပြန်ရောက်ပြီး ကိုယ့်အိမ်ကိုယ် နေနေရပေမဲ့ လယ်ယာတွေ မသွားရဲသေးဘူး၊ ဒီအချိန်က စပါးတွေ ၊ နှမ်းတွေ ယူရမဲ့ အချိန်ဖြစ်နေတယ်၊ စစ်သားတွေက ရွာပြင်မှာ ရှိနေလို့ အိမ်ဝန်းထဲမှာပဲ နေကြတယ်၊ လက်နက်တွေ ရမ်းပစ်မှာ၊ လာဖမ်းကြမှာ ကြောက်လို့” ဟု ကုန်းသာရွာခံ အသက် ၃၅ နှစ်ကျော် အမျိုးသမီးတစ်ဦးက သျှမ်းသံတော်ဆင့်ကို ပြောသည်။

ရွာသားများ အလုပ်ဆင်း တောင်ယာသွားလျှင် စိုးရိမ်ကြောက်လန့်သည့်အပြင် ကုန်းသာကျေးရွာရှိ အခြေခံပညာ အထက်တန်းကျောင်းလည်း တိုက်ပွဲဖြစ်ကတည်းက ယနေ့အထိ ပိတ်ထားရကြောင်း ဒေသခံများက ပြောသည်။

“စာသင်ကျောင်းက တိုက်ပွဲဖြစ်ကတည်းက ပိတ်ထားတယ် ဆိုပေမဲ့ ကလေးတွေ စစ်ရှောင်ပြီး ရွာပြန်ရောက်ပြီးလည်း စာသင်ကျောင်းက မဖွင့်ဖြစ်သေးဘူး၊ ဆရာမတွေလည်း သီပေါမြို့ပေါ်ကို ရှောင်ထွက်သွားပြီ၊ စစ်သား တွေက အဲ့နေရာတွေမှာ ရှိနေလို့ ရွာသားရော၊ ကလေးရော၊ ကြောက်နေကြတယ်” ဟု အသက် ၃၅နှစ် အရွယ် အမျိုးသမီးက ဆက်ပြောသည်။

နိုဝင်ဘာလ ၂၅ ရက်နေ့ မနက်ပိုင်းတွင် ကုန်းသာရွာအနီး တိုက်ပွဲဖြစ်ပွားမှုကြောင့် ကုန်းသာကျေးရွာ နှင့် အနီးပတ်ဝန်းကျင်မှ ရွာသားများ ၃၀၀ ကျော်ခန့်သည် သီပေါမြို့ပေါ်သို့ စစ်ရှောင်သွားရပြီး နိုဝင်ဘာလ ၂၈ ရက်နေ့တွင် နေရပ်ပြန်လာခြင်းဖြစ်သည်။

စစ်ရှောင်ပြည်သူများသည် နေရပ်ပြန်လာသော်လည်း တချို့အိမ်များက လက်နက်ကြီး ကျည်ထိမှန် ပျက်စီးခြင်း၊ စိုးရိမ်ကြောက်လန့်ခြင်းတို့ကြောင့် လယ်ယာသို့ မသွားရဲကြပဲ ရွာအတွင်းမှာပင် နေထိုင်ကြရပြီး စစ်သားများ ရွာအနီးပတ်ဝန်းကျင် လှုပ်ရှားမှု မရှိစေရန် တောင်းဆိုလိုကြောင်းလည်း ကုန်းသာရွာခံ အမျိုးသား တစ်ဦးက သျှမ်းသံတော်ဆင့်ကို ပြောသည်။

“အခုလို စစ်သားတွေရှိနေပေမဲ့ ဘာလို့ရွာပြန်လဲဆိုရင် ကျနော်တို့ စစ်ရှောင်ရတာ အနေဆင်းရဲ အစားဆင်းရဲ ဖြစ်တယ်၊ စစ်ရှောင် ၃၀၀ အတွက် တစ်နေ့နှစ်နပ်စာကို ဆန်တစ်အိတ်ကုန်တယ်၊ ဟင်းတွေလည်း ဖြစ်သလိုပဲ၊ ဒါကြောင့် အရဲစွန့်ပြီး နေရပ်ပြန်တာ၊ စစ်သားတွေ ရွာနားမှာ မရှိရင်တော့ ကောင်းတာပေ့ါ၊ တောင်းလည်းတောင်းဆိုပါတယ်” ဟု ကုန်းသာရွာခံ အသက် ၄၀ အရွယ်ရှိ အမျိုးသားက သျှမ်းသံတော်ဆင့်ကို ပြောသည်။

ကုန်းသာရွာအတွင်းတွင် လက်နက်ကြီးနှင့် ကျည်ဆန်ထိမှန်သော ပြည်သူ့နေအိမ် ၁၄ လုံးထက်မနည်း ရှိနေပြီး ပြန်လည် ပြုပြင်ရန်အတွက် အကူအညီများလည်း လိုအပ်ကြောင်း အထက်ပါ အမျိုးသားက ဆက်ပြောသည်။

သီပေါမြို့နယ်သည် အာဏာသိမ်း စစ်ကောင်စီအပြင် တိုင်းရင်းသား လက်နက်ကိုင် တပ်ဖွဲ့များဖြစ်ကြသည့် SSPP/SSA တပ်ဖွဲ့၊ TNLA တပ်ဖွဲ့တို့လည်း သွားလာလှုပ်ရှားသည့် နယ်မြေဖြစ်သည်။

https://burmese.shannews.org/archives/31820

-----------------------------------------------------------------------------------------------

## ဖယ်ခုံမြို့နယ် တစ်လအတွင်း အရပ်သား ၆ ဦး လက်နက်ကြီးထိ၊ ၃ ဦး မြေမြှုပ်မိုင်းထိ

By **SHAN** | December 1, 2022

သျှမ်းပြည်တောင်ပိုင်း ဖယ်ခုံမြို့နယ် ၊ မိုးဗြဲမြို့တွင် စစ်ကောင်စီ၏ လက်နက်ကြီး ရမ်းသမ်းပစ်ခတ်မှုကြောင့် အရပ်သား (၆) ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး မိုးဗြဲမြို့တွင် ကလေးငယ် (၃) ဦး မြေမြှုပ်မိုင်းနင်းမိကြောင်း သတင်းရရှိသည်။



လက်နက်ကြီး ထိမှန်သူ

ထို နိုဝင်ဘာလ အတွင်း မိုးဗြဲမြို့တွင် ကလေးငယ် (၃) ဦး မြေမြှုပ်မိုင်းနင်းမိကာ ဖယ်ခုံမြို့နယ်ထဲတွင် ကလေး ၂ ဦး၊ အရပ်သား အမျိုးသမီး ၂ ဦး နှင့် အမျိုးသား ၂ ဦး တို့ ထိခိုက်ဒဏ်ရာ ရရှိခဲ့သည်။

လက်ရှိတွင်လည်း ထိခိုက်ဒဏ်ရာရရှိထားသူများကို လုံခြုံသည့် နေရာသို့ ပို့ဆောင်ထားပြီး ဆေးကုသ နေကြောင်း သိရသည်။

"ဖယ်ခုံ က ထိခိုက်လူနာတွေကတော့ တစ်ချို့လည်း ဆေးကုသနေရသေးတယ်။ ဆေးရုံမှာပို့ထားပေးတယ်။ တစ်ချို့ ဒဏ်ရာမပြင်းထန်တဲ့ သူတွေဆိုရင်တော့ သက်သာလာပါပြီ" ဟု ဖယ်ခုံမြို့နယ် ဒေသခံ အမျိုးသားတစ်ဦးက ပြောသည်။

လက်ရှိတွင်လည်း နိုဝင်ဘာ ၂၈ ရက်နေ့မှ ယမန်နေ့ ၃၀ ထိ စစ်ကောင်စီက ဖယ်ခုံမြို့နယ် အနောက်ဘက်ကမ်း တွင် ည ပြည်သူများ အိပ်ချိန်တွင် လက်နက်ကြီးတွေကို ဆက်တိုက် ရမ်းသမ်းပစ်ခတ်နေလျက်ရှိနေကြောင်း သိရသည်။

" ၃ ရက်ရှိနေပြီ သူတို့ ပစ်နေတာ။ ည အချိန်မှ ပစ်တာပဲ။ ဖယ်ခုံ အနောက်ဘက်ကမ်းဘက်ကို ပစ်တာ။ ဘယ်နားကျလဲဆိုတာတော့ အတိကျ မသိရသေးဘူး။ ထိခိုက်ဒဏ်ရာရတာရှိမရှိလည်း အသေးစိတ်တော့ မကြားမိသေးဘူး" ဟု ဖယ်ခုံမြို့ ဒေသခံ အမျိုးသားတစ်ဦးက ပြောသည်။

အလားတူ မိုးဗြဲမြို့တွင်လည်း စစ်ကောင်စီက ကင်းပုန်းချ တပ်စွဲထားသည့်အတွက်ကြောင့် ပြည်သူများအနေဖြင့် ည ၇ နာရီမှ မနက် ၅ နာရီထိ အပြင်ထွက် သွားလာခြင်းမပြုရန် နှင့် မိုးဗြဲမြို့တွင် ငြိမ်းချမ်းမည်မဟုတ်ကြောင်း နိုဝင်ဘာ ၂၈ ရက်တွင် မိုးဗြဲ PDF မှ ထုတ်ပြန်ထားသည်။

လက်ရှိတွင်လည်း မိုးဗြဲမြို့ နှင့် ဖယ်ခုံမြို့ ကျေးရွာဘက်က ပြည်သူများတစ်ချို့သည် ညအချိန်တွင် စိုးရိမ် ထိတ်လန့်စွာ နေထိုင်ရပြီး တစ်ချို့ကလည်း ထွက်ပြေးတိမ်းရှောင်နေကြကြောင်း သိရသည်။

" တစ်ချို့တော့လည်း ရွာတွေမှာ လုပ်စရာရှိလို့နေနေကြတာပဲ။ စိုးရိမ်စိတ်နဲ့နေကြရတာပေါ့။ တစ်ချို့လည်း စပါးရိတ်ဖို့နေကြတယ်။ တစ်ချို့ကတော့ တစ်ခြားနေရာက စစ်ဘေးရှောင်စခန်းတွေမှာ သွားနေကြတယ်" ဟု ဖယ်ခုံမြို့နယ်အတွင်း နယ်လှည့်ပေးနေသည့် ကျန်းမာရေး အဖွဲ့ကပြောသည်။

စစ်တပ်က အာဏာသိမ်းပြီးနောက်ပိုင်း ဖယ်ခုံမြို့နယ်ထဲတွင် စစ်ကောင်စီက အောက်တိုဘာ နှင့် နိုဝင်ဘာလတွင် တိုက်ပွဲဖြစ်ပွားမှုမရှိဘဲ စစ်ကောင်စီဘက်မှ တစ်ဖက်သတ် လက်နက်ကြီး ရမ်းသမ်း ပစ်ခတ်ကြောင်း သိရသည်။

https://burmese.shannews.org/archives/31811

---

## ပန်ဆန်းမြို့တွင် ပေါက်ကွဲမှုဖြစ်ပြီး ၃ ဦးသေဆုံး၊ အများအပြား ဒဏ်ရာရ

Published By DVB | 1 December, 2022

ရှမ်းပြည်နယ်မြောက်ပိုင်း၊ မက်မန်းခရိုင်ရှိ ပန်ဆန်းမြို့ နားလော်မှာ နိုဝင်ဘာ ၃၀ ရက်နေ့ မနက်ပိုင်းက ပေါက်ကွဲမှုကြောင့် လူ ၃ ဦးသေဆုံး၊ အများအပြား ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး အဆောက်အဦနဲ့ ကားတွေလည်း ထိခိုက်ပျက်စီးသွားတယ်လို့ ဝ ပြည်ပဆက်ဆံရေး လားရှိုးရုံး တာဝန်ခံ ဦးညီရန်းက ပြောပါတယ်။

“လူဦးရေက သုံးယောက်လောက် ဆုံးသွားတယ်။ ကျန်တာကတော့ အများအပြားကတော့ ထိခိုက် ဒဏ်ရာရတာပေါ့။ လူဦးရေတော့ အတိအကျတော့ မသိရသေးတာ ဟုတ်တယ်။ အဆောက်အအုံတွေ တော်တော်တော့ ပျက်စီးတယ်။ … ကားတွေရော ထိသွားတယ်။"

ထရန်စဖော်မာက သက်တမ်းကြာပြီ ဖြစ်တဲ့အပြင် မီးသွယ်တာများတာကြောင့် အပူလွန်ကဲကာ ပေါက်ကွဲတာလို့ ယူဆရကြောင်း၊ အသေးစိတ် စစ်ဆေးမှုတွေ ပြုလုပ်နေတယ်လို့ ဆိုပါတယ်။

ကားပေါ်မှာ ယမ်းတွေတင်ထားရင်း ဆေးလိပ်သောက်မိလို့ မနက် ၈ နာရီလောက် ပေါက်ကွဲခဲ့တာဖြစ်ပြီး အများအပြား သေဆုံးဒဏ်ရာရတယ်လို့ ဒေသခံတဦးက ပြောပါတယ်။

ဒေသခံတချို့ကတော့ တရုတ်တွေ မောင်းတဲ့ ကားကြီးပေါ်မှာ ဂက်စ်အိုးပေါက်ကွဲတာဖြစ်ပြီး ပေါက်ကွဲအား အတော်ပြင်းတာကြောင့် အနီးအနား ပတ်ဝန်းကျင်တွေအထိ ပေါက်ကွဲစတွေ လွင့်စင်လာတာ တွေ့ရတယ်လို့ ဆိုပါတယ်။

လားရှိုး၊ တန့်ယန်း၊ မိုင်းပေါက်၊ မိုင်းလား၊ ကားဂိတ်တွေရှိတဲ့ ကားကြီးဝန်းရဲ့ အနောက်ကျောမှာ ပေါက်တာဖြစ်ပြီး အဲဒီအနီးနားမှာ လျှပ်စစ်ရုံးရှိကာ ဝန်ထမ်းတွေလည်း အများအပြား ထိခိုက်နိုင်တယ်လို့ လားရှိုး-ပန်ဆန်း ယာဉ်ငယ် ပြေးဆွဲနေသူ ၁ ဦးက ပြောပါတယ်။

“ဘေးပတ်ဝန်းကျင် တော်တော်ဝေးတာကော။ ကားလမ်းမထိတောင် ရောက်တယ်ဆိုတော့ ဖြစ်တဲ့နေရာကနေ အဲဒီကားလမ်းမကြီးနဲ့ ပေ ၂၀၀ ကျော် ဝန်းကျင်လောက်ရှိမှာ။ ပေါက်ကွဲအားက အဲဒီထိတောင်ရောက်တာ။ သွပ်တွေရော အကုန်လန်ကုန်တာ။”

နားလေ ာ်ဆိုတဲ့နေရာက ပန်ဆန်းမြို့ထဲမှာ ရပ်ကွက်တခုလို သတ်သတ်ခွဲထားတဲ့နေရာဖြစ်ပြီး အခုလိုမျိုး ပေါက်ကွဲတာ တခါမှ မဖြစ်ဖူးဘူးလို့ ဒေသခံတွေက ပြောပါတယ်။

ပေါက်ကွဲမှုကြော ် ထိခိုက်သေဆုံးမှုအခြေအနေကို ဒီဗွီဘီက ဆက်လက်စုံစမ်းနေဆဲ ဖြစ်ပါတယ်။

https://burmese.dvb.no/archives/566611

---

## စစ်အုပ်စုသတ်ဖြတ်မှုကြောင့်ကျဆုံးပြည်သူ ၂၅၅၃ ဦးရှိလာ၊ ဖမ်းဆီးခံထားရဆဲ ၁၃၀၀၀ ကျော် ရှိနေ

Published By DVB | 1 December, 2022

မြန်မာနိုင်ငံမှာ အာဏာသိမ်း ၁ နှစ်ခွဲကျော်အကြာ စစ်ကောင်စီတပ်တွေ အကြမ်းဖက် ပစ်ခတ်သတ်ဖြတ်မှုတွေကြောင့် နိုင်ငံတဝန်း အပြစ်မဲ့ကျဆုံးပြည်သူ ၂,၅၅၃ ယောက်နဲ့ ဖမ်းဆီးထိန်းသိမ်းခံရသူပေါင်း ၁၆,၄၇၂ ယောက်

ထိရှိလာခဲ့ပြီဖြစ်တယ်လို့ နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (အေအေပီပီ) က ထုတ်ပြန်ပါတယ်။




ဒီစာရင်းဟာ ပြီးခဲ့တဲ့ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၁ ရက်မှ ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာ ၃၀ ရက်အထိ အေအေပီပီက ကောက်ယူမှတ်တမ်းပြုစုထားတာဖြစ်ပြီး အမှန်တကယ် ကျဆုံးသူတွေဟာ ဒီထက်ပိုနိုင်တယ်လို့ ဖော်ပြပါတယ်။

နွေဦးတော်လှန်ရေးကာလအတွင်း ဒီနေ့အထိ ၁၃,၀၀၂ ယောက် လက်ရှိ ချုပ်နှောင်ခံထားရဆဲဖြစ်ပြီး အဲဒီထဲက ၁,၆၅၅ ယောက်ကတော့ ထောင်ဒဏ် ချမှတ်ခံထားရပါတယ်။

တော်လှန်ရေးနဲ့ ဆက်စပ်ပြီး သေဒဏ်ချမှတ်ခံထားရကာ အကျဉ်းထောင်တွေထဲ ထိန်းသိမ်းခံနေရသူအရေတွက်ကတော့ ၈၆ ယောက်ရှိနေပြီး မျက်ကွယ် သေဒဏ်ချမှတ်ခံထားရသူ ၄၂ ယောက်အပါအဝင် ၁၂၁ ယောက်ကတော့ မျက်ကွယ်ပြစ်ဒဏ်ချမှတ်ခံထားရတာကြောင့် သေဒဏ်ချမှတ်ခံထားရသူ စုစုပေါင်း ၁၂၈ ယောက် ရှိလာခဲ့ပြီဖြစ်ပါတယ်။

လတ်တလောအချိန်ထိ အာမခံနဲ့ လွတ်မြောက်သူ ၂၃ ယောက်ရှိပြီး ပြန်လည်လွတ်မြောက်လာသူဦးရေကတော့ ၃,၄၄၇ ယောက် ရှိခဲ့တယ်လို့ ဆိုပါတယ်။

ဒါ့အပြင် အေအေပီပီကနေ လက်လှမ်းမီသမျှ မှတ်တမ်း ပြုစုထားချက်အရ အာဏာသိမ်းချိန်ကနေ ပြီးခဲ့တဲ့ အောက်တိုဘာလကုန်ထိ အကြမ်းဖက်စစ်အုပ်စုက မတရားချိပ်ပိတ်သိမ်းဆည်းခဲ့တဲ့ နေအိမ်၊ အဆောက်အဦးအရေအတွက် စုစုပေါင်း ၇၈၆ ခုထက်မနည်း ရှိခဲ့တယ်လို့ ဆိုပါတယ်။

ပြီးခဲ့တဲ့ နိုဝင်ဘာ ၂၉ ရက်က ရှမ်းပြည်နယ်၊ လားရှိုးအကျဉ်းထောင်တွင်း အထူးတရားရုံးကနေ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီ ဗဟိုအလုပ်အမှုဆောင်၊ ပြည်သူ့လွှတ်တော် ဒုဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်ကို ရာဇသတ်ကြီးပုဒ်မ ၁၂၂ နဲ့ ထောင်ဒဏ် နှစ် ၂၀ အမိန့်ချမှတ်ခဲ့တယ်လို့ သိရပါတယ်။ ဦးထွန်းထွန်းဟိန်ဟာ ပြီးခဲ့တဲ့ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလကတည်းက ထောင်ဒဏ် လေးနှစ် ချမှတ်ခံထားရပြီးဖြစ်တယ်လို့ သိရပါ တယ်။

ဒါ့အပြင် ပြီးခဲ့တဲ့ အောက်တိုဘာလအတွင်း စစ်ကိုင်းတိုင်း၊ ကလေးမြို့နယ် အကျဉ်းထောင်တွင်း အထူးတရားရုံးကနေ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (PDF) ဆေးတပ်သား အမျိုးသမီး ၉ ယောက်ကို ရာဇသတ်ကြီး ပုဒ်မ ပုဒ်မ ၅၀၅-က၊ အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မတွေနဲ့ ထောင်ဒဏ် ၁၂ နှစ်စီ ချမှတ်ခဲ့တယ်လို့ သိရပါတယ်။

အဆိုပါဆေးတပ်သား ၉ ယောက်ကတော့ ဇမ်ဖိုးဇာမ်၊ မန်လွန်းဒိမ်း၊ ညောင်ဒွဲ့နှံ့ကျင်၊ မားလ်ဆောမ်ဒေါင်းအီး၊ လားလ်တန်လွေးအီး၊ လားလ်လွန်စန်းအီး၊ လားလ်မွမ်းကိမ်းအီး၊ ဗန်လားရွှန်းအီးနဲ့ မလားလ်ပျန်းဖဲလ်အီးတို့ဖြစ်ကြပြီး သူတို့ဟာ ပြီးခဲ့တဲ့ ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာ ၁၆ ရက်က ဖမ်းဆီးခံခဲ့ရတာ ဖြစ်ပါတယ်။

အရပ်ဘက်အဖွဲ့အစည်းတွေက ခေါင်းဆောင်တွေ၊ အရပ်သားတွေ၊ တက်ကြွလှုပ်ရှားသူတွေ၊ သတင်းသမားတွေ၊ CDM လှုပ်ရှားနေတဲ့ ဝန်ထမ်းတွေ စတဲ့ နယ်ပယ်အသီးသီးမှ ဘယ်သူမဆို ဖမ်းဆီး၊ ထိန်းသိမ်း၊ တရားစွဲဆိုခံထားရတာတွေနဲ့ ပတ်သက်လို့ နွေဦးတော်လှန်ရေး ကာလအတွင်း ကျဆုံးသွားသူတွေရဲ့ အချက်အလက်တွေကို သိရှိပါက အေအေပီပီကို ဆက်သွယ်အသိပေး အကြောင်းကြားနိုင်ပါတယ်။

ဒ့ါအပြင် ကျဆုံးအချက်အလက်တွေကို ဖော်ပြပါ fatality-data@aappb.org အီးမေးလ်နဲ့ အဖမ်းအဆီး အချက်အလက်တွေကို detention-data@aappb.org အီးမေးလ်တွေဆီလည်း တိုက်ရိုက်ပေးပို့ ဆက်သွယ်အကြောင်းကြားနိုင်ကြောင်း အသိပေးထားပါတယ်။

https://burmese.dvb.no/archives/566525

---------------------------------------------------------------------------------------------------

## အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီနှင့် နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေး

PUBLISHED 1 DECEMBER 2022

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီနှင့် နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့တို့၏ တွေ့ဆုံဆွေးနွေးမှုကို နိုဝင် ဘာ ၃၀ ရက်က နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန၌ ကျင်းပခဲ့သည်။

တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် ညှိနှိုင်းရေးကော်မတီဝင်များ၊ နိုင်ငံရေးပါတီ များ အစုအဖွဲ့၏ အလုပ်အဖွဲ့ခေါင်းဆောင် ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ ဥက္ကဋ္ဌ ဦးစိုင်းအိုက်ပေါင်းနှင့် အလုပ်အဖွဲ့ ကိုယ်စားလှယ်များ တက်ရောက်ခဲ့သည်။

တွေ့ဆုံဆွေးနွေးပွဲတွင် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် နိုင်ငံရေးပါတီများ အစုအဖွဲ့၏ အလုပ်အဖွဲ့ခေါင်းဆောင် ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ ဥက္ကဋ္ဌ ဦးစိုင်းအိုက်ပေါင်းတို့က နှုတ်ခွန်းဆက်အမှာစကားများ ပြောကြားခဲ့သည်။

အစည်းအဝေးတွင် ဖွဲ့စည်းပုံအခြေခံ ဥပဒေ(၂၀၀၈ ခုနှစ်)မှ ပြင်ဆင်လိုသည့် အချက်၁၁ချက်နှင့်စပ်လျဉ်း၍ နိုင်ငံရေးပါတီများ အစုအဖွဲ့၏ အလုပ်အဖွဲ့မှ တစ်ချက် ချင်းအလိုက် အဆိုပြုတင်ပြပြီး ညှိနှိုင်းရေး ကော်မတီမှ လေ့လာဆန်းစစ် တွေ့ရှိချက်များကို တစ်ချက်ချင်းအလိုက် ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်းနှင့် အဆိုပြုချက်များအပေါ် တက်ရောက်လာသူများကလည်း မိမိတို့၏ သဘောထားများကို အပြန်အလှန် ဆွေးနွေးညှိနှိုင်းခဲ့ ပြီး ရရှိလာသည့် သဘောထားများအား သဘောထားစုစည်းချက်များအဖြစ် မှတ်တမ်းတင်ခဲ့သည်။

ယင်းနောက် နိုင်ငံရေးပါတီများ အစုအဖွဲ့၏ အလုပ်အဖွဲ့ခေါင်းဆောင် ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ ဥက္ကဋ္ဌ ဦး စိုင်းအိုက်ပေါင်းနှင့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်တို့က နိဂုံးချုပ်အမှာစကားများ ပြောကြားခဲ့သည်။

https://news-eleven.com/article/241174

---------------------------------------------------------------------------------------------------

## မဲစာရင်းပြည့်စုံမှန်ကန်စေရေး မြေပြင်လူဦးရေစာရင်းနှင့် တိုက်ဆိုင်စစ်ဆေးခြင်းကို ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီမှ မေလအတွင်းဆောင်ရွက်ပြီးစီးခဲ့ပြီး ရရှိသည့်စာရင်းများအပေါ်အခြေခံ၍ လစဉ်တိုက်ဆိုင် စစ်ဆေးလျက်ရှိဟု UEC အဖွဲ့ဝင် ပြောကြား

PUBLISHED 1 DECEMBER 2022



*နိုဝင်ဘာ ၃၀ ရက်က မဲစာရင်းပြုစုရာတွင် အခြေခံရမည့် လူဦးရေစာရင်းများ ပြည့်စုံမှန်ကန်ရေး ပြန်လည်တိုက်ဆိုင်စစ်ဆေးရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေး ကျင်းပနေစဉ် (Photo – MOI)*

မဲစာရင်းပြည့်စုံမှန်ကန်စေရေး မြေပြင် လူဦးရေစာရင်းနှင့် တိုက်ဆိုင်စစ်ဆေးခြင်းကို ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီမှ မေလအတွင်း ဆောင်ရွက်ပြီးစီးခဲ့ပြီး ရရှိသည့်စာရင်းများ ပေါ်၌အခြေခံ၍ လစဉ်တိုက်ဆိုင်စစ်ဆေး လျက်ရှိကြောင်း ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင် (UEC) အဖွဲ့ဝင် ဦးဘရန်ရှောင်က ပြောကြားသည်။

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း မဲစာရင်းပြုစုရာတွင် အခြေခံရမည့် လူဦးရေစာရင်းများ ပြည့်စုံမှန်ကန်ရေး ပြန်လည် တိုက်ဆိုင်စစ်ဆေးရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာ ၃၀ ရက် မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ကောင်စီရုံးအစည်းအဝေးခန်းမ (၂) ၌ ကျင်းပခဲ့သည်။

အစည်းအဝေးတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးဘရန်ရှောင်က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် မဲဆန္ဒရှင်စာရင်း ပြည့်စုံမှန်ကန်စေရေးအတွက် မြေပြင်လူဦးရေစာရင်းနှင့် တိုက်ဆိုင်စစ်ဆေးခြင်းလုပ်ငန်းများကို ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီမှ မေလအတွင်း ဆောင်ရွက်ပြီးစီးခဲ့ပြီး ရရှိလာသည့် စာရင်းများပေါ်တွင် အခြေခံ၍ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့နှင့်ပူးပေါင်း၍ လစဉ်တိုက်ဆိုင် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း၊ ယခုအခါ ပြည်ထောင်စုနယ်မြေ ရှစ်မြို့နယ်အတွင်းရှိ ဥပဒေနှင့်အညီနေထိုင်သော လူဦးရေစာရင်းကို မြို့နယ်တစ်ခုနှင့်တစ်ခု အပြန်အလှန် တိုက်ဆိုင်စစ်ဆေးခြင်း (cross - check) ဆောင်ရွက်လျက်ရှိကြောင်း၊ တွေ့ရှိလာသည့် နှစ်ကြိမ်၊ သုံးကြိမ်၊ လေးကြိမ်နှင့်အထက် ထပ်နေသည့်စာရင်းများရှိကြောင်း၊ ယင်းစာရင်းများ မှန်ကန်စေရန်အတွက် အထွေထွေအုပ်ချုပ် ရေးဦးစီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့မှ စိစစ်၍ အမြန်ဆုံး ပြီးစီးရန် ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုနယ်မြေ ရှစ် မြို့နယ်၏ ဥပဒေနှင့်အညီ နေထိုင်သူများစာရင်းကို မြို့နယ်တစ်ခုနှင့်တစ်ခု အပြန်အလှန် တိုက်ဆိုင်စစ်ဆေးခြင်း (cross - check) ဆောင်ရွက်ရာ၌တွေ့ရှိရသည့် အချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးဒုတိယညွှန်ကြားရေးမှူးချုပ် ဦးညီညီလွင်က ရှင်းလင်းတင်ပြခဲ့ပြီး ပြည်ထောင်စုနယ်မြေ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်ထောင်စုနယ်မြေရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှင့် နေပြည်တော် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများက လုပ်ငန်းအမြန်ပြီးပြတ်ရေးအတွက် လိုအပ်ချက်များကို ဆွေးနွေးတင်ပြပြီး တင်ပြချက် များအပေါ် ကော်မရှင်အဖွဲ့ဝင်များက ပြန်လည်ဆွေးနွေးခဲ့ကြောင်း သိရသည်။

ယင်းအစည်းအဝေးသို့ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုနယ်မြေ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ နေပြည်တော်အထွေထွေအုပ်ချုပ်ရေး

ဦးစီးဌာနမှ တာဝန်ရှိသူများ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးမှ တာဝန်ရှိသူများနှင့် ပြည်ထောင်စုနယ်မြေ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ အရာထမ်း၊ အမှုထမ်းများတက်ရောက်ပြီး တိုင်းဒေသကြီး/ပြည်နယ်များတွင် ဥပဒေနှင့်အညီ နေထိုင်သူများစာရင်း ကိုလည်း သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်များအတွင်း မြို့နယ်တစ်ခုနှင့် တစ်ခု အပြန်အလှန်တိုက်ဆိုင်စစ်ဆေးခြင်း (cross - check) လုပ်ငန်းကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ကျင်းပပေးမည်ဖြစ်သည့်အတွက် မဲဆန္ဒရှင်ပြည်သူများ လွတ်လပ်ပြီး ဥပဒေနှင့်အညီ မဲပေးနိုင်ရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်ရမည့်လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်ရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

https://news-eleven.com/article/241215

------------------------------------------------------------------------------------------------------------

## ကမ္ဘာ့ဘဏ် အထောက်အပံ့ရ ရိုးမဘဏ်နှင့် စစ်တပ်ပိုင် Mytel တို့ ပူးပေါင်းဆောင်ရွက်နေ

By ဧရာဝတီ | 1 December 2022

ကမ္ဘာ့ဘဏ်၏ အထောက်အပံ့ရ ရိုးမဘဏ်သည် မြန်မာစစ်တပ်၏ Mytel ဖုန်းကွန်ရက်လုပ်ငန်း ဖြစ်သည့် တယ်လီကွန်း အင်တာနေရှင်နယ် မြန်မာ ကုမ္ပဏီ လီမိတက် အတွက် ဘဏ်လုပ်ငန်း ဝန်ဆောင်မှုများ ပေးနေကြောင်း Justice for Myanmar (JFM) က ထုတ်ပြန်ကြေညာသည်။

ကမ္ဘာ့ဘဏ်၏ နိုင်ငံတကာဘဏ္ဍာရေး ကော်ပိုရေးရှင်း (IFC) နှင့်ဆက်စပ်နေသည့် ရိုးမဘဏ်သည် ၂၀၂၂ ခုနှစ်၊ မတ်လမှ စတင်ပြီး တယ်လီကွန်း အင်တာနေရှင်နယ် မြန်မာ၏ ဒေါ်လာ ၁၀ သန်းကျော်သည့် ငွေစာရင်းကို လက်ခံထားကြောင်း အထက်ပါ တက်ကြွလှုပ်ရှားသူအဖွဲ့က ပြောသည်။ တယ်လီကွန်း အင်တာနေရှင်နယ်သည် စစ်တပ်၏ မြန်မာ့စီးပွားရေး ကော်ပိုရေးရှင်း (MEC) နှင့် ဖက်စပ်လုပ်ငန်းဖြစ်သည်။

Mytel ၏ အခြားရှယ်ယာပိုင်ရှင်များတွင် ဗီယက်နမ် ကာကွယ်ရေးဝန်ကြီးဌာနပိုင် Viettel Global Investment နှင့် မြန်မာခရိုနီကြီးများ၏ ရင်းနှီးမြှုပ်နှံမှုဖြစ်သော မြန်မာနေရှင်နယ် တယ်လီကွန်း ဟိုးလ်ဒင်း တို့ ပါဝင်သည်။

ရန်ကုန်စတော့အိတ်ချိန်းဝင် ကုမ္ပဏီတခုဖြစ်ပြီး ဦးသိမ်းဝေခေါ် မစ္စတာ ဆာ့ဂ်ျပန်းက ဦးဆောင်ကာ နိုင်ငံတကာ ရင်နှီးမြှုပ်နှံသူများက ကျောထောက်နောက်ခံ ပေးထားသည့် FMI က ရိုးမဘဏ်ကို ပိုင်ဆိုင်သည်။

ရိုးမဘဏ်ကို စင်ကာပူအစိုးရ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း GIC ၏ လက်အောက်ခံ Greenwood Capital က ၁၉ ဒသမ ၇ ရာခိုင်နှုန်း၊ နော်ဝေး ဖွံ့ဖြိုးတိုးတက်ရေး ဘဏ္ဍာရေးအဖွဲ့အစည်းဖြစ်သည့် Norfund က ၁၀ ဒသမ ၆ ရာခိုင်နှုန်းနှင့် IFC က ၄ ဒသမ ၅ ရာခိုင်နှုန်းပိုင်သည်။

“Mytel က တရားမဝင် မြန်မာစစ်ကောင်စီအတွက် သေနင်္ဂဗျူဟာကျတဲ့ ရင်းမြစ်ဖြစ်ပြီး စစ်ကောင်စီရဲ့ စစ်ရာဇဝတ်မှုတွေနဲ့ လူသားမျိုးနွယ်အပေါ် ကျူးလွန်တဲ့ ရာဇဝတ်မှုတွေကို ထောက်ခံအားပေးနေတယ်” ဟု JFM ပြောခွင့်ရသူ မရတနာမောင်က ပြောသည်။

ရိုးမဘဏ်သည် မြန်မာစစ်ကောင်စီ၏ တယ်လီကွန်းလုပ်ငန်းကို ဘဏ်လုပ်ငန်း ဝန်ဆောင်မှုပေးပြီး မြန်မာစစ်ကောင်စီကို ထောက်ခံနေကြောင်း JFM က ထောက်ပြလိုက်သည်။

ရိုးမဘဏ်၊ မြန်မာစစ်တပ်၊ ၎င်းတို့နှင့် ပတ်သက်သူများအကြား စီးပွားရေးဆက်ဆံရေးနှင့် ပတ်သက်ပြီး Norfund, IFC နှင့် GIC တို့ကို သတိပေးထားပြီးသော်လည်း အရေးယူဆောင်ရွက်ခြင်း မရှိသေးကြောင်း မရတနာမောင်က ပြောသည်။

တယ်လီကွန်း အင်တာနေရှင်နယ် မြန်မာနှင့် လူမျိုးတုံးသတ်ဖြတ်မှု၊ စစ်ရာဇဝတ်မှုနှင့် လူသားမျိုးနွယ်အပေါ် ကျူးလွန်သော ရာဇဝတ်မှုများအတွက် စွပ်စွဲခံထားရသည့် မြန်မာစစ်တပ်နှင့် ပတ်သက်သည့် အခြားလုပ်ငန်းများ စီးပွားရေးဆက်ဆံမှု ချက်ချင်းရပ်ဆိုင်းရန် ရိုးမဘဏ်နှင့် ၎င်း၏ ရင်းနှီးမြှုပ်နှံသူများကို JFM က တောင်းဆိုထားသည်။

“မြန်မာဗိုလ်ချုပ်များသည် ဗီယက်နမ် ရင်းနှီးမြှုပ်နှံမှု၊ နည်းပညာနှင့် အနာဂတ် အမြတ်အစွန်းမှ အကျိုးကျေးဇူးများ ခံစားနေကြသည်။ Mytel ကို မြန်မာစစ်တပ်မှ ပိုင်ဆိုင်သူများသည် ထိုလုပ်ငန်းစတင်သည့် ၅ နှစ်မြောက်ကာလမှ ဆယ်စုနှစ်တခုအတွင်း အမေရိကန် ဒေါ်လာ သန်း ၇၁၀ ကျော် ရရှိရန် မျှော်မှန်းထားကြောင်း JFM က ခန့်မှန်းသည်” ဟု JFM ၏ နိုဝင်ဘာလ ၂၅ ရက်နေ့ ကြေညာချက်တွင် ဖော်ပြထားသည်။

Mytel သည် စစ်ကောင်စီ ခေါင်းဆောင်ပိုင်းအနေဖြင့် သာမန်ပြည်သူများကို ထောက်လှမ်းနိုင်စေသည့် စွမ်းရည်လည်း ပံ့ပိုးပေးနေသည်။ စစ်တပ်၏ ဆက်သွယ်ရေး ညွှန်ကြားရေးမှူးရုံးသည် Mytel နှင့် လုပ်ငန်းများ ဆက်စပ်နေပြီး ထိုမိုဘိုင်းဆက်သွယ်ရေး ကွန်ရက်သည် စစ်တပ်၏ ဖိုက်ဘာအလင်း ကေဘယ်ကြိုးများ ကွန်ရက်ကို အသုံးပြု ထိန်းသိမ်းထားသည်။ Mytel သည် စစ်တပ်များအတွင်းတွင် ဆက်သွယ်ရေးတာဝါများ ထားရှိပြီး စစ်ဘက်ဆက်သွယ်ရေး ပိုမိုကောင်းမွန်အောင် လုပ်ဆောင်ဖွယ်လည်း ရှိနေသည်။

Distributed Denial of Secrets အင်တာနက်စာမျက်နှာက မကြာသေးမီက ထုတ်ပြန်သည့် ငွေပေးငွေယူ မှတ်တမ်းများအရ မြန်မာ့စီးပွားရေး ကော်ပိုရေးရှင် (MEC) ပိုင် အင်းဝဘဏ်နှင့် ရိုးမဘဏ်အကြား ငွေပေးငွေယူ အကြိမ် ၂၀၀ ကျော်ရှိကြောင်း သိရသည်။ MEC ကို အမေရိကန် ပြည်ထောင်စု၊ ဗြိတိန်နှင့် ကနေဒါတို့က ပိတ်ဆို့အရေးယူထားသည်။

အင်းဝဘဏ်နှင့် ငွေပေးငွေယူရပ်ဆိုင်းရန် JFM က နိုင်ငံတကာဘဏ်များကို နိုဝင်ဘာလ အစောပိုင်းတွင် တောင်းဆိုပြီးနောက် ဩစတြေးလျမှ ANZ ဘဏ်က ၎င်းတို့သည် မြန်မာမှ ၂၀၂၃ ခုနှစ် အစောပိုင်းတွင် လုပ်ငန်းများ ရုတ်သိမ်းမည်ဖြစ်ကြောင်း နိုဝင်ဘာလ ၂၂ ရက်နေ့တွင် ကြေညာသည်။

ရိုးမဘဏ်သည် စစ်ကောင်စီခေါင်းဆောင် စစ်ရာဇဝတ်ကောင် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏သမီး ခင်သီရိသက်မွန် ပူးတွဲပိုင်ဆိုင်သည့် မိုဘိုင်းဖုန်းတာဝါ ကုမ္ပဏီဖြစ်သည့် Pinnacle Asia သို့ ၂၀၂၀ ပြည့်နှစ်တွင် ချေးငွေထုတ်ပေးကြောင်း JFM က လွန်ခဲ့သောနှစ် ဧပြီလက ကြေညာသည်။ ထိုချေးငွေကို Mytel အတွက် ဖုန်းတာဝါတိုင်များ တည်ဆောက်ရန် Pinnacle Asia သို့ ထုတ်ပေးခြင်းဖြစ်သည်။

တယ်လီကွန်း အင်တာနေရှင်နယ် မြန်မာသည် စစ်တပ်ပိုင် စီးပွားရေးလုပ်ငန်းဖြစ်ကြောင်း ကုလသမဂ္ဂ အချက်အလက် ရှာဖွေရေးအဖွဲ့က သတ်မှတ်ထားသော်လည်း ရိုးမဘဏ်၏ ဝန်ဆောင်မှုယူသူအဖြစ် ဆက်လက် ရှိနေသည်။

“Norfund, IFC နှင့် GIC တို့ အနေဖြင့် ရိုးမဘဏ်ကို Mytel အတွက် ဝန်ဆောင်မှုပေးခြင်းနှင့် အင်းဝဘဏ်နှင့် ဆက်ဆံခြင်းကို ရပ်တန့်အောင် မလုပ်နိုင်ပါက နိုင်ငံတကာလူ့အခွင့်အရေး တာဝန်ဝတ္တရားနှင့်အညီ အခြားနေရာများသို့ ရင်းနှီးမြှုပ်နှံမှု ပြောင်းသင့်သည်” ဟု JFM မှ မရတနာမောင်က ပြောသည်။

https://burma.irrawaddy.com/news/2022/12/01/256370.html

---------------------------------------------------------------------------------------------------

## အာဆီယံ ဥက္ကဋ္ဌသစ် အင်ဒိုနီးရှား လက်ထက် မြန်မာ့အရေး ဖြေရှင်းနိုင်မယ့် အလားအလာ

၀၁ ဒီဇင်ဘာ၊ ၂၀၂၂ | နန်းလောင်ဝ်

အင်ဒိုနီးရှားနိုင်ငံက ၂၀၂၃ ခုနှစ်အတွက် အရှေ့တောင်အာရှနိုင်ငံများအသင်း အာဆီယံအလှည့်ကျ ဥက္ကဋ္ဌ တာဝန်ယူတော့မှာပါ။ မြန်မာနိုင်ငံဆိုင်ရာ ဘုံသဘောတူညီမှု ၅ ရပ်ကို အကောင်အထည်ဖော်ဖို့ အထူးကိုယ်စားလှယ်က တဦးကို ချက်ချင်း ခန့်အပ်တာဝန်ပေးရတော့မှာလည်း ဖြစ်ပါတယ်။ အင်ဒိုနီးရှားနိုင်ငံ ဂျကာတာကနေ Fathiyah Wardah ပေးပို့ထားတဲ့သတင်းလွှာကို နန်းလောင်ဝ်က ဆက်ပြီးတင်ပြမှာပါ။

စစ်တပ်က အာဏာသိမ်းခဲ့တဲ့ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့ကတည်းက နိုင်ငံရေး အကျပ်အတည်းတွေနဲ့ ကြုံနေရတဲ့ မြန်မာနိုင်ငံအရေး ဖြေရှင်းပေးနိုင်ဖို့ အာဆီယံက အထူးကိုယ်စားလှယ် ၂ ဦး ခန့်အပ်ခဲ့ပြီးပါပြီ။ ဒါပေမဲ့လည်း မြန်မာစစ်ကောင်စီကတော့ အာဆီယံက အကြံပြုထားတဲ့ ဘက်ပေါင်းစုံ ပါဝင်တဲ့ တွေ့ဆုံဆွေးနွေးမှု လုပ်ဖို့ ငြင်းဆန်နေပါတယ်။
မြန်မာ့အရေး ထိရောက်အောင် ဆောင်ရွက်နိုင်တယ်ဆိုတာ အင်ဒိုနီးရှားက သက်သေပြဖို့ အချိန်ဖြစ်ကြောင်း အာဆီယံအရေး စောင့်ကြည့်လေ့လာနေတဲ့ အင်ဒိုနီးရှား အမျိုးသား သုတေသနအေဂျင်စီ BRIN ကသုတေသီ Pandu Prayoga က နိုဝင်ဘာ ၂၉ ရက်နေ့မှာ ဗွီအိုအေကိုပြောပါတယ်။

“ အင်ဒိုနီးရှားက အထူးကိုယ်စားလှယ် တဦး ချက်ချင်းခန့်အပ်ပြီး အာဆီယံ ဘုံသဘောတူညီမှု ၅ ရပ်ကို အကောင်အထည် ဖော်ရမှာပါ။ အင်ဒိုနီးရှားက သူ့ရဲ့ သံတမန်ရေး အားကောင်းအောင်လည်း လုပ်ဖို့လိုပါတယ်။ ဘုံသဘောတူညီမှု ၅ ရပ် ဆက်လက် ဆောင်ရွက်နိုင်ရေး ဆွေးနွေးပွဲတရပ် ဖြစ်မြောက်လာအောင် မြန်မာစစ်တပ်ကို ဖိတ်ခေါ်ပြီး တိုက်တွန်းအားပေးဖို့လိုပါတယ်။ ”

လာမယ့်နှစ်မှာ အာဆီယံ ဥက္ကဋ္ဌဖြစ်လာမယ့် အင်ဒိုနီးရှားနိုင်ငံက မြန်မာ့အရေး အထူးကိုယ်စားလှယ်ကို ရွေးချယ်တင်ပြနိုင်ခွင့် ရှိပါတယ်။ မြန်မာစစ်တပ်နဲ့ရော အခြားအဖွဲ့အစည်းတွေနဲ့ပါ ဆက်ဆံရေး ပြေလည်တဲ့သူ၊ အဆက်အသွယ်များတဲ့လူတွေ အင်ဒိုနီးရှားမှာ အတော်များများ ရှိတယ်လို့လည်း Pandu ကပြောပါတယ်။ ဒါပေမဲ့လည်း မြန်မာ့နိုင်ငံရေး အကျပ်အတည်းကို ကူညီဖြေရှင်းပေးနိုင်မယ့် အထူးကိုယ်စားလှယ်ရဲ့ လုပ်ငန်းတာဝန်တွေပိုပြီး ခက်ခဲလာတယ်လို့လည်း သူကပြောပါတယ်။ မြန်မာ့နိုင်ငံရေး အကျပ်အတည်းတွေ ပိုပြီး အချိန်ကြာလာတာနဲ့ အမျှ စစ်ကောင်စီဖက်က ပိုပြီး အင်အားကောင်းလာတယ်လို့လည်း Pandu ကမြင်ပါတယ်။

မြန်မာစစ်တပ်နဲ့ ဆက်ဆံမယ့် အထူးကိုယ်စားလှယ်ဟာ သံတမန်ရေး ဒါမှမဟုတ် စစ်ရေး အတွေ့အကြုံရှိသူ ဖြစ်သင့်တယ်လို့လည်း Pandu ကပြောပါတယ်။ အထူးကိုယ်စားလှယ်အဖြစ် စဉ်းစားသင့်တဲ့သူ အတော်များများထဲမှာ နိုင်ငံခြားရေး ဝန်ကြီးဟောင်းတွေဖြစ်တဲ့ Marty Natalegawa နဲ့ Hassan Wirajuda တို့ရဲ့နာမည်တွေကိုလည်း Pandu ကအကြံပြုသွားပါတယ်။
အင်ဒိုနီးရှား Padjadjaran တက္ကသိုလ်က အာဆီယံအရေး စောင့်ကြည့်လေ့လာနေတဲ့ Arfin Sudirman ကလည်း မြန်မာ့အရေး ကိုင်တွယ်ရာမှာ အင်ဒိုနီးရှားဖက်က ဒီထက်မက ခိုင်မာမှု ရှိရလိမ့်မယ်လို့ ပြောပါတယ်။

“ မြန်မာကိစ္စကို အင်ဒိုနီးရှားက အပြင်းအထန် ကိုင်တွယ်သင့်ပါတယ်။ အာဆီယံနဲ့ အင်ဒိုနီးရှားက ဖိအားတွေက အတော်ပြင်းထန်ပါတယ်။ ဒါပေမဲ့ မြန်မာကတော့ ဂရုစိုက်ပုံမရပါဘူး။ အင်ဒိုနီးရှားနဲ့ မလေးရှားနဲ့ ထိုင်းနိုင်ငံတို့လို သမားရိုးကျ အာဆီယံအဖွဲ့ဝင် နိုင်ငံတွေကတောင် အာဆီယံ အစည်းအဝေးတွေမှာ မြန်မာကို မဖိတ်ဘဲ အထီးကျန်ဖြစ်အောင် ဘေးဖယ်ထားကြပါတယ်။ ”

မြန်မာ့အရေး အာဆီယံ ဘုံသဘောတူညီချက် ၅ ရပ် မအောင်မြင်ရတာဟာ ဥပဒေကြောင်းအရ ခိုင်မာတဲ့ လုပ်ငန်းစဉ် မရှိတာကြောင့်လို့လည်း ပြောပါတယ်။ အာဆီယံဟာ သံတမန်ရေး နည်းလမ်းကိုသာ အမြဲဦးစားပေးပြီး ပဋိပက္ခတွေကို

ရှောင်ရှားတတ်ပါတယ်။ ဒါပေမဲ့လည်း အာဆီယံပဋိညာဉ်ကို ချိုးဖောက်တဲ့ အဖွဲ့ဝင်နိုင်ငံတွေကို သတ္တိရှိရှိနဲ့ တိကျစွာ ကိုင်တွယ်သင့်တယ်ဆိုတာ မြန်မာ့အရေးက အာဆီယံကို သတိပေးလိုက်တာမျိုး ဖြစ်သင့်တယ် လို့ Arfin ကပြောပါတယ်။
ဒီမိုကရေစီ စံချိန်စံညွှန်းတွေနဲ့ လူ့အခွင့်အရေးကို လေးစားလိုက်နာဖို့ မြန်မာနိုင်ငံကို အာဆီယံက ဖိအားပေးဖို့လည်း Arfin က တိုက်တွန်းပြောကြားသွားပါတယ်။ ဘုံသဘောတူညီမှု ၅ ရပ်ကိုဆက်ပြီး လစ်လျူရှု နေမယ်ဆိုရင် မြန်မာကို အာဆီယံက ဒဏ်ခတ်ပိတ်ဆို့မှုတွေ ချမှတ်သင့်တယ်လို့လည်း Arfin ကပြောပါတယ်။

အာဆီယံ ဥက္ကဋ္ဌ အင်ဒိုနီးရှား အနေနဲ့ မြန်မာ့အရေး တိုးတက်မှုတွေ ဆောင်ရွက်နိုင်လိမ့်မယ်လို့ Arfin ကမေ ျှော်လင့်နေတာပါ။ ရိုဟင်ဂျာ ကိစ္စမှာ သူ့ရဲ့ အခန်းကဏ္ဍ အရရော မြန်မာလူမှု အသိုင်းအဝိုင်းနဲ့ ခိုင်မာတဲ့ ဆက်ဆံရေးရှိတဲ့ အတွက်ကြောင့်ပါ အင်ဒိုနီးရှားကို မြန်မာနိုင်ငံဖက်က အတော်လေးစားမှု ရှိမယ်လို့လည်း Arfin က ယုံကြည်နေပါတယ်။

အထူး ကိုယ်စားလှယ် ရွေးချယ်မှုနဲ့ပတ်သက်လို့ အင်ဒိုနီးရှား နိုင်ငံခြားရေး ဝန်ကြီးဌာနကို ဆက်သွယ်မေးမြန်းခဲ့ပေမဲ့ မှတ်ချက်ပေးဖို့ ငြင်းဆိုပါတယ်။ မြန်မာဆိုင်ရာ အာဆီယံဘုံသဘောတူညီမှု ၅ ရပ်ထဲမှာ အပြုသဘောဆောင်တဲ့ ဆွေးနွေးမှုလုပ်ဖို့၊ အကြမ်းဖက်မှုလေ ျှာ့ချဖို့၊ အဖွဲ့ပေါင်းစုံကြား ပြေလည်မှုရရေး ကြားဝင်စေ့စပ်ပေးဖို့၊ လူသားချင်းစာနာမှုဆိုင်ရာ အကူအညီတွေ ပေးအပ်ဖို့နဲ့ အာဆီယံ ကိုယ်စားလှယ်အဖွဲ့ကို မြန်မာနိုင်ငံဆီ စေလွှတ်ဖို့ ဆိုတဲ့အချက်တွေ ပါဝင်တာဖြစ်ပါတယ်။

[https://burmese.voanews.com/a/indonesia-must-immediately-appoint-new-special-envoy-for-myanmar/6857414.html](https://burmese.voanews.com/a/indonesia-must-immediately-appoint-new-special-envoy-for-myanmar/6857414.html)

-----------------------------------------------------------------------------------------------

## ၆ နှစ်ပြည့် ထိုင်းရောက် MoU လုပ်သားများ မြန်မာသို့ပြန် သက်တမ်းတိုးရမည်

By ဧရာဝတီ 1 December 2022

ထိုင်းနိုင်ငံတွင် နှစ်နိုင်ငံ သဘောတူစာချုပ်စနစ် (MoU) ဖြင့် လုပ်ကိုင်နေသည့် အလုပ်သမားများ ၆နှစ်ပြည့်ပါက မြန်မာပြည်ပြန်၍ အလုပ်လုပ်ခွင့်ထပ်မံ လျှောက်ထားရမည်ဖြစ်ကြောင်း အလုပ်အကိုင် အေဂျင်စီနှင့် အလုပ်သမား များထံမှ သိရသည်။

MoU စနစ်အရ မြန်မာ၊ ကမ္ဘောဒီးယား၊ လာအို ၃နိုင်ငံမှ အလုပ်သမားများအား ထိုင်းအစိုးရက ၂ နှစ် အလုပ်လုပ်ခွင့် အပြင် နောက်ထပ် ၂နှစ် သက်တမ်းတိုး ခွင့်ပြုသဖြင့် စုစုပေါင်း ၄ နှစ် ထိုင်းနိုင်ငံ၌ နေထိုင် အလုပ်လုပ်ခွင့်ရထားပြီး ယင်းသက်တမ်းပြည့်ပါက မိမိတို့ နေရပ်နိုင်ငံသို့ ပြန်၍ စာချုပ်အသစ် ထပ်မံ ချုပ်ဆိုကာပြန်လည် ခေါ်ယူခြင်း ဖြစ်သည်။

သို့သော် ၂၀၁၉ ခုနှစ်နောက်ပိုင်း ကမာ္ဘ့ကပ်ရောဂါ ကိုဗစ် ၁၉ ရောဂါ ကူးစက်မှုများကြောင့် နယ်စပ်ဂိတ်များ ပိတ်ထား သဖြင့် နေရပ်သို့ မပြန်စေဘဲ ၂ နှစ် ထပ်မံ သက်တမ်းတိုးခွင့်ပြုရာ စုစုပေါင်း ၆နှစ် နေထိုင်ခွင့်ရခဲ့သည်။

ယခုအခါ ၆နှစ်ပြည့်သွားသည့် အလုပ်သမားများကို ထိုင်းအစိုးရက အလုပ်လုပ်ကိုင်ခွင့် လက်မှတ် (Work Permit) နှင့် ဗီဇာ မထုတ်ပေးတော့သဖြင့် မြန်မာအလုပ်သမားများမှာ နေရပ်ပြန် အလုပ်လုပ်ခွင့် လျှောက်ထားမည်ဆိုပါက လက်ရှိ မြန်မာ့နိုင်ငံရေး အပြောင်းအလဲများကြောင့် ပြည်တွင်းတွင် အခက်အခဲများ ကြုံရနိုင်ကြောင်း အလုပ်သမားများ က ဆိုသည်။

ရွှေ့ပြောင်း လုပ်သားတဦးက “လက်ရှိအခြေအနေအရ မြန်မာနိုင်ငံက သာယာနေတဲ့ အခြေအနေ မဟုတ်ဘူးလေ။ အခက်အခဲတွေ အများကြီး ရှိတယ်။ မြန်မာပြည်ပြန် လုပ်ရမယ်ဆိုရင် အစအဆုံး ပြန်လုပ်ရမှာ။ ငွေကုန်ကြေးကျလည်း ရှိတယ်။ တဖက်နိုင်ငံကလည်း သူ့ ဥပဒေအတိုင်း လုပ်မှာဆိုတော့ ကြံ့ကြံ့ခံနိုင်အောင် ကြိုးစားရမှာပေါ့” ဟု ပြော သည်။

လက်ရှိ မြန်မာပြည်တွင် အလုပ်အကိုင် ရှားပါးကာ ပြည်ပထွက်ခွာ အလုပ်လုပ်သည့် ဦးရေများလာခြင်း၊ လက်တွေ့၌ အလုပ်သမား စေလွှတ်မှု ကြန့်ကြာခြင်း၊ စာချုပ်ပါ လုပ်ငန်းများတွင် မလုပ်ကိုင်ရခြင်း၊ အလုပ်ရရှိရန် စောင့်ဆိုင်းရခြင်း၊ အလုပ်သမား စေလွှတ်ရာတွင် ဦးရေ အများအပြား မစေလွှတ်နိုင်သေးဘဲ ကြန့်ကြာမှုများ စသည့်တို့ ကြုံတွေ့ရလျက် ရှိကြောင်း သိရသည်။

ထို့အပြင် ထိုင်းနိုင်ငံသို့ MoU စနစ်ဖြင့် ရောက်ရှိလာသော်လည်း အလုပ် မရသည့် မြန်မာလုပ်သားလည်း ရာနှင့်ချီ၍ ရှိနေသဖြင့် သက်တမ်းကုန်၍ နေရပ်သို့ ပြန်မည်ဆိုပါက လက်ရှိ လုပ်ကိုင်နေဆဲ အလုပ်အကိုင်များပါ ဆုံးရှုံးသွားနိုင်ကြောင်း ဖနစ်ပြည့်၍ နိုင်ငံသို့ ပြန်ရမည့် အလုပ်သမားများက စိုးရိမ်နေကြသည်။။

ထိုင်းတောင်ပိုင်း အခြေစိုက် ပညာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဖောင်ဒေးရှင်း (FED) အဖွဲ့၏ အလုပ်သမား တာဝန်ခံ ဦးမင်းဦးက “MoU သမားကတော့ အသစ်လုပ်ပြီး ပြန်လာဖို့ ဘယ်လိုမှ ကုန်ကျစရိတ်ရော အချိန်ရောက မလွယ်ဘူး။ မြန်မာပြည်ဘက်အခြမ်းမှာလည်း အခုဆိုရင် MoU လာဖို့ စောင့်နေတဲ့ အလုပ်သမားကလည်း သိန်းနဲ့ချီ စောင့်နေတယ် ကြားတယ်။ မလွယ်တော့ မလွယ်ဘူး။ အခက်အခဲတွေကတော့ အများကြီး ကြုံနိုင်တယ်” ဟု ပြောသည်။

ထိုကဲ့သို့ ထိုင်းအစိုးရက အလုပ်လုပ်ခွင့်နှင့် ဗီဇာ သက်တမ်း မတိုးပေးခြင်းမှာ ကိုဗစ်မတိုင်ခင်ကကဲ့သို့ MoU နည်းလမ်း အရ နေရပ်သို့ ပြန်၍ လုပ်ဆောင်သည့် စည်းမျဉ်းကို ပြန်လည်ကျင့်သုံးခြင်း ဖြစ်ကြောင်း အလုပ်သမားအရေး ဆောင်ရွက်သူများက သုံး သပ်သည်။

မြန်မာရွှေ့ပြောင်း အလုပ်သမား အခွင့်အရေး ကွန်ရက် (MWRN) ဥက္ကဋ္ဌ ဦးအောင်ကျော်က “ကိုဗစ်ကြောင့် ဖြေလျှော့ ဥပဒေတွေနဲ့ ၂ နိုင်ငံ နယ်စပ်ဂိတ်တွေ ပိတ်ထားတဲ့အတွက် နေထိုင်ခွင့်ပြုထားတာပါ။ သူ့ရဲ့ ဥပဒေအရတော့ ၄ နှစ်ပြည့် ရင် လုံးဝ အိမ်ပြန်ရမှာ ဖြစ်ပါတယ်။ ထိုင်းအစိုးရ သုံးသပ်နေတာက သူ့နိုင်ငံရဲ့ ကိုဗစ်အခြေအနေက ကောင်းမွန်ပြီး ထိန်းချုပ်နိုင်နေတဲ့အတွက်ကြောင့် မူလရှိနေပြီးသား ဥပဒေအတိုင်း ပြန်လည် အသက်သွင်းပြီး လုပ်ဆောင်မှာ” ဟု ပြောသည်။

လက်ရှိတွင်လည်း ထိုင်းနိုင်ငံအတွင်းရှိ MoU စနစ်ဖြင့် လုပ်သား ခေါ်ယူထားသည့် စက်ရုံအများစုအနေဖြင့် ၎င်းတို့ စက်ရုံရှိ အလုပ်သမားများအား မြန်မာနိုင်ငံသို့ ပြန်လည်ပို့ဆောင်ကာ တရားဝင် စာချုပ်ချုပ်ဆိုရန် ပြင်ဆင်နေကြကြောင်း သိရသည်။

ထိုင်းအစိုးရအနေဖြင့် ထိုသို့ သက်တမ်း တိုးမပေးခြင်းများကို တရားဝင် ထုတ်ပြန်ထားခြင်းမျိုး မရှိသော်လည်း သက်တမ်းကုန်၍ သွားရောက် ပြုလုပ်သူများမှာ ယခုလို ကြုံတွေ့နေကြရ ခြင်း ဖြစ်သည်။

အဆိုပါ အလုပ်သမားများ၏ အခက်အခဲများနှင့် ပတ်သက်၍ ထိုင်းနိုင်ငံရှိ အလုပ်သမား သံအရာရှိရုံးများသို့ ဆက်သွယ် မေးမြန်းခဲ့သော်လည်း ပြန်လည် ဖြေဆိုမှု မရှိခဲ့ပေ။

အလုပ်သမားအရေးဆောင်ရွက်နေသူများကမူ အလုပ်သမားများအနေဖြင့် ဆက်လက်နေထိုင် အလုပ်လုပ်ခွင့် ရရန် စုပေါင်း၍ အလုပ်ရှင်နှင့် အာဏာပိုင်များထံ တောင်းဆိုသင့်ကြောင်း တိုက်တွန်းထားသည်။

ယခုနှစ် မေလမှ စတင်ကာ အောက်တိုဘာလ ၁၆ ရက်အထိ ထိုင်း- မြန်မာနယ်စပ် မြဝတီ- မဲဆောက် အမှတ် ၂ ချစ်ကြည်ရေး တံတားနှင့် ကော့သောင်း- ရနောင်း ရေလမ်းခရီးတို့မှတဆင့် ထိုင်းနိုင်ငံအတွင်းသို့ MoU မြန်မာလုပ်သား ၅၇,၇၅၉ ဦးတို့ကို ပြည်ပအလုပ်အကိုင် ရှာဖွေရေး အေဂျင်စီများဖြင့် ချိတ်ဆက် စေလွှတ်နိုင်ခဲ့ကြောင်း သိရသည်။

လက်ရှိတွင် ထိုင်းနိုင်ငံ၌ တရားဝင် ရွှေ့ပြောင်းလုပ်သား ၁ သန်း ၆ သောင်းကျော်ခန့် ရှိပြီး MoU စာချုပ်ဖြင့် အလုပ်လုပ်ကိုင်နေသည့် အလုပ်သမားမှာ ၃ သိန်းကျော်ခန့်ရှိကြောင်း ထိုင်းအလုပ်သမားဝန်ကြီးဌာနက အောက်တိုဘာလတွင် ထုတ်ပြန်ထားသည်။

https://burma.irrawaddy.com/news/2022/12/01/256376.html

--------------------------------------------------------------------------------------